# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဒီဇင်ဘာ ... တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 6 October 2017 (၉၀၆၉)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိပဂ်(ဓမ္မပဒ-၁၁၆)



၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်တွင် ကုသိုလ်ကောင်းမှုပြုသူများ အထူးများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

# သီတင်းကျွတ်လပြည့်နေ့၌ ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများတွင် ကုသိုလ်တရားပွားများသူများဖြင့် အထူးစည်ကား

ရန်ကုန် အောက်တိုဘာ ၅

**ဝါလကင်းလွတ်သီတင်းကျွတ်တွင် ဝါကျွတ်ပွဲတော်ကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသော သံဃာတော်များ သီတင်းကျွတ်လပြည့်နေ့တွင် ဝါဆိုသည့်ကာလကုန်ဆုံးကာ မိမိတို့ကျောင်းအရပ်အတွင်း၌သာ သီတင်းသုံးနေထိုင်ခြင်းမှ လွတ်မြောက်တော်မူကြသည်။ ထို့ကြောင့် သီတင်းကျွတ်လဟုခေါ်ဆိုကြသကဲ့သို့ သံဃာတော်များဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်ပြီး မီးထွန်းပွဲတော်ကျင်းပခြင်းကြောင့် ဝါကျွတ်ပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။**

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်၌ ဂေါတမမြတ်စွာဘုရားသည် ဒိဋ္ဌိတို့ကိုနှိမ်နင်းတော်မူရန် ရေအစုံ၊ မီးအစုံ၊ ယမိုက်ပြာဋိဟာကိုပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ကြွတော်မူပြီး သတ္တမဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်၌ သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထားကာ နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးတော်မူသည်။ ထိုနေ့တွင်ပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းရာ သိကြားမင်းဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ အလယ်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ရာ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးအပေါင်းက လက်ဝဲဘက်ငွေစောင်းတန်းဖြင့်လည်းကောင်း ဆင်းသက်လိုက်ပါပြီး မာတလိနတ်သားက ပန်းမန်အမွှေးအကြိုင်တို့ဖြင့် ပူဇော်ရင်းလိုက်ပါလာသည်။ သာဝတ္ထိပြည်၌ရှိကြကုန်သော လူပရိသတ်အပေါင်းသည်လည်း သင်္ကဿသို့ရောက်ရှိကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြိုဆိုကြကုန်သည်။

ဤပူဇော်ပွဲကိုအစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားကိုရည်မှန်းကာ ဆီမီးများဖြင့် ရှေးယခင်မှ ယနေ့တိုင် ဗုဒ္ဓဘာသာဝင်များက ပူဇော်ကြခြင်းဖြစ်သည်။

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်တို့သည် နံနက်အရုဏ်တက်မှစ၍ ကုသိုလ်ကောင်းမှုများကိုပြုကြရာ ရွှေတိဂုံစေတီတော်၏ ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆




# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား တက်ရောက်လှူဒါန်း

**မြဝတီ အောက်တိုဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအတွင်း သီတင်းကျွတ်လပြည့် မွန်းတည့် ၁၂ နာရီက ကျင်းပသည့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားသို့ တက်ရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူသည်။

ရှေးဦးစွာ မြဝတီခရိုင်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက သာသနာ့ဟိတကာရီဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာကျင်းပသည်။

ဆက်လက်၍ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့်ပတ်လမ်းတို့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မိသားစုတို့က ခရိုင်အတွင်းရှိ ကျောင်းတိုက် ၃၁၇ ကျောင်းမှ ဝါဆိုရဟန်း၊ သာမဏေနှင့် သီလရှင်များ စုစုပေါင်း အပါး ၃၀၀၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ နယ်မြေခံတပ်ရင်းတပ်ဖွဲ့တို့မှ အရာရှိကြီးများနှင့် မိသားစုတို့ကလည်းကောင်း၊ ခရိုင်နှင့် မြို့နယ်ဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုတို့ကလည်းကောင်း၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် တိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ နေပြည်တော် ပျဉ်းမနားမြို့မှ အခြေခံဆရာဆရာမများက "ယနေ့ခေတ် တို့ဆရာ" သီချင်းဖြင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့အချိန်အခါသည် ကမ္ဘာတစ်ဝန်းတွင်ရှိကြသည့် ဆရာဆရာမများကို ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်အခါသမယဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် တပည့်များအား လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သူများ၊ တီထွင်ကြံဆနိုင်စွမ်းရှိသူများဖြစ်လာအောင် စဉ်ဆက်မပြတ် ထုဆစ်ပုံသွင်းပေးလျက်ရှိကြပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် ပညာရေးကို ကောင်းမွန်သည့် ဆရာများဖြင့်သာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါကြောင်း။

ဆရာများ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ ဆရာကို အနန္တောအနန္တငါးပါးတွင် အမြတ်တနိုးတန်ဖိုးထားကြပါကြောင်း၊ ဆရာများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်၊ သိက္ခာနှင့်စည်းကမ်းများမှာလည်း များပြားလှပါကြောင်း၊ ဝတ်စားဆင်ယင်မှုမှစ အနေအထိုင်၊ အပြောအဆို၊ အကျင့်အကြံဆိုသည့် စရိုက်လက္ခဏာအားလုံးတွင် လူ့အဖွဲ့အစည်းက စံပြုထိုက်သည့်၊ လေးစားအတုယူထိုက်သည့် ပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ကြံနေထိုင်ကြသူများဖြစ်ပါကြောင်း။

ကောင်းမွန်သော ဆရာများဖြင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲ၊ ပြဿနာ၊ မပြည့်စုံမှုနှင့်စိန်ခေါ်မှုများကို တီထွင်ကြံဆဖြေရှင်း၍ ပညာရေးအရည်အသွေး မြင့်မားလာရေးအတွက် ကျောင်းအပ်နှုန်းများမြင့်မားလာရန်၊ ကျောင်းထွက်နှုန်းများလျော့နည်းလာရန်၊ မူလတန်းကျောင်းသားကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရန်နှင့် သင်ယူတတ်မြောက်မှုအရည်အသွေးကောင်းမွန်ရန်၊ ဒေသအလိုက်လိုအပ်သော ကျွမ်းကျင်လုပ်သားဈေးကွက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နည်းပညာနှင့် သက်မွေးပညာသင်တန်းများဖြင့် ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ရန်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်ရေး Deep Learning ဖြင့် သင်ကြားလေ့ကျင့်ရန်တို့အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး "လွတ်လပ်စွာသင်ကြားဖို့ ဆရာများကို အားပေးကြပါစို့" ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များပေးပို့သည့် စုပေါင်းသဝဏ်လွှာကိုဖတ်ကြားပြီး မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းခိုင်မျိုးထွန်းက မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အခြေခံပညာကျောင်းသား ကျောင်းသူများက "မြတ်ဆရာ"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာဆရာမများနှင့် ဆုရဆရာ ဆရာမများ၏ ဆောင်ရွက်မှုမှတ်တမ်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများနှင့် ကျောင်းတက်ရက်မပျက်သော ဆရာဆရာမများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိစေရန် ကြိုးကြပ်တာဝန်ယူခဲ့သည့် ဆရာဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်က အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က တက္ကသိုလ်/ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမင်းဦးက တက္ကသိုလ်/ကောလိပ် အဆင့်၊ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် တက္ကသိုလ်/ကောလိပ်အဆင့် ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း အသီးသီးဆုချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက "ပန်းပျိုးသူ" သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ "လွတ်လပ်စွာ သင်ကြားဖို့၊ ဆရာများကို အားပေးစို့ (Teaching in Freedom, Empowering Teachers)" ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဆီမီးမြင်းမိုရ်ပွဲအား ရိုးရာမပျက် ထိန်းသိမ်းဆင်နွှဲလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ အခါသမယဖြစ်သည်။ သီတင်းကျွတ်ပွဲတော်ကို မီးမြင်းမိုရ်ပွဲတော်ဟူ၍လည်းကောင်း၊ တာဝတိံသာပွဲဟူ၍လည်းကောင်း ခေါ်ဆိုကျင်းပကြသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုလည်းဖြစ်သည်။ မြို့ကြီးပြကြီးများတွင် လျှပ်စစ်မီးပုံးများ၊ မီးသီးမီးဆိုင်းများဖြင့် ရောင်စုံထွန်းညှိပူဇော်ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်လေ့ရှိကြသည်။ "ဆီမီးမြင်းမိုရ် ထွန်းညှိပူဇော်ရန် အရှေ့မြင်းမိုရ်နှင့် ရုပ်စုံစင်၊ အနောက်စမုတ်တော် ဝဲ၊ ယာတွင် လေးကျွန်းမြင်းမိုရ် ဝက်ပါတော်" ဟု ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ပါအတိုင်း ကျေးလက်တို့တွင် ကျင်းပလျက်ရှိသည်ကို တွေ့မြင်ရသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ ပရိယတ္တိစာသင်တိုက်ကျောင်း ပရိဝုဏ်တွင် ဆီမီးမြင်းမိုရ်ပွဲကို မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၄၆)ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း ကျောင်းတိုက်ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

ဆရာတော်ဦးဆောင်၍ ဦးဘိုကျော်၊ ဦးကြည် အစရှိသည့် သက်ကြီးပုဂ္ဂိုလ်များနှင့် လူငယ်များ စုပေါင်း၍ လေးကျွန်းမြင်းမိုရ်ဝက်ပါတည်ဆောက်ပြီး အဖိတ်နေ့မှစတင်၍ လပြည့်ကျော် ၂ ရက်နေ့တိုင် ညည့်ဦးယံလထွက်ချိန်တွင် ကျေးလက်လုံမပျိုများက ရာထောင်ချီသော မီးကြာခွက်များထွန်းညှိကိုင်ဆောင်၍ ဝက်ပါကိုလှည့်လည်ကြပြီး အလယ်ဗဟိုရှိ မြင်းမိုရ်အမှတ်အသား ဘုရားရှင်စံကျောင်းတော်ကို ဖြတ်သန်းပူဇော်ကြသည်။

ထိုစဉ်အတွင်း လူငယ်များက အိုးစည်ဗုံနှင့် အောင်စည်အောင်မောင်းများတီးခတ်၍ အားပေးကြသည်။ ထို့နောက် ကျောင်းဆောင်ပေါ်သို့ တက်ရောက်ကာ ဆရာတော်ထံမှ သီလခံယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ ရေစက်ချအမျှအတန်းပေးဝေပြီးသည့်နောက်တွင် ဝက်ပါအတွင်းသို့ ကလေးငယ်များ ပျော်ရွှင်စွာ ပြေးဝင်ဆော့ကစားကြသည်။



**(သတင်း-နေသန်၊ ဓာတ်ပုံ-ရာမည)**



# မြောက်ကိုရီးယားကို စစ်ရေးအရအရေးယူရေးနည်းလမ်း အောင်မြင်မှုရရန်မသေချာဟု ရုရှားသမ္မတပြောကြား

**မော်စကို အောက်တိုဘာ ၅**
မြောက်ကိုရီးယား၏ အဏုမြူနှင့် ဒုံးကျည်အစီအစဉ်များ အဆုံးသတ်စေရေးအတွက် ယင်းနိုင်ငံကို စစ်ရေးအရ အရေးယူနိုင်ဖွယ်ရှိသော်လည်း စစ်ရေးနည်းလမ်းသည် အောင်မြင်မှုရရှိရန် မသေချာကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြောက်ကိုရီးယားအနေဖြင့် ၎င်း၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို ပြင်ပမှမည်သူတစ်ဦးတစ်ယောက်မျှ သိရှိနိုင်ခြင်းမရှိအောင် ဖုံးကွယ်ထားနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားကို စစ်ရေးအရတိုက်ခိုက်ရေး အယူအဆကို ရုရှားနိုင်ငံက ပြင်းထန်စွာဆန့်ကျင်ကြောင်း၊ အမေရိကန်သမ္မတ ထရန့်အနေဖြင့် စစ်ရေးအယူအဆကို စွန့်လွှတ်ကာ သံတမန်ရေးနှင့် စီးပွားရေးဆိုင်ရာ မက်လုံးပေးရေးမှတစ်ဆင့် ပြဿနာဖြေရှင်းသင့်ကြောင်း ၎င်းက ပြောကြားသည်။

မော်စကိုမြို့တွင် ကျင်းပသော စွမ်းအင်ဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲတွင် သမ္မတပူတင်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ မြောက်ကိုရီးယားကို စစ်ရေးအရတိုက်ခိုက်ရေး အယူအဆအပေါ် ရုရှားသမ္မတပူတင်က ကြီးမားစွာ သံသယဖြစ်မိကြောင်း အတိအလင်းပြောခဲ့ပြီး ၎င်းအနေဖြင့် အခြားနိုင်ငံများနည်းတူ နိုင်ငံရေးနှင့် စိတ်ပိုင်းဆိုင်ရာအရ စိုးရိမ်ပူပန်မှုရှိကြောင်း ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယား၏ အဏုမြူနှင့် ဒုံးကျည်အစီအစဉ် ဖျက်သိမ်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စစ်ရေးတိုက်ခိုက်မှု ပြုလုပ်နိုင်မလား၊ ယင်းသို့ တိုက်ခိုက်ပါက ရည်မှန်းချက် ပြည့်ဝအောင်မြင်ပါမည်လားဟု ပူတင်က မေးခွန်းများ ထုတ်ခဲ့သည်။ အထီးကျန် မြောက်ကိုရီးယားနိုင်ငံအကြောင်းကို ဘယ်သူကမျှ ရာနှုန်းပြည့်မသိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံသည် မြောက်ကိုရီးယား၏ ဒုံးကျည်လက်နက် အစီအစဉ်အပေါ် စိုးရိမ်စရာအကြောင်းများစွာရှိကြောင်း၊ မြောက်ကိုရီးယားက အဏုမြူစမ်းသပ်ဖောက်ခွဲနေသည့်နေရာသည် ရုရှားနိုင်ငံနယ်နိမိတ်မှ ကီလိုမီတာ ၂၀၀(၁၂၄ ဒသမ ၃၇ မိုင်)မျှသာ ကွာဝေးသောနေရာတွင် တည်ရှိကြောင်း သမ္မတပူတင်က ပြောကြားသည်။

မြောက်ကိုရီးယား၏ အဏုမြူ စမ်းသပ်မှုနှင့် ဒုံးကျည်အစီအစဉ်များကြောင့် ဖြစ်ပေါ်နေသည့် အကျပ်အတည်းနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ ရှုမြင်သုံးသပ်မှုများကို အမေရိကန်သမ္မတအနေဖြင့် နားထောင်သင့်ပြီး မြောက်ကိုရီးယားနှင့် အမေရိကန်အကြား အပြန်အလှန်နှုတ်လှုံ့ထိုးမှုများမပြုလုပ်ကြဘဲ သံတမန်ရေးအရသာ ဖြေရှင်းကြရန် ရုရှားသမ္မတက ထပ်လောင်းတိုက်တွန်းသည်။

မြောက်ကိုရီးယားအပေါ် ကုလသမဂ္ဂက နောက်ထပ်အရေးယူပိတ်ဆို့နိုင်သည့် နည်းလမ်းဟူ၍လည်း မကျန်ရှိတော့ကြောင်း၊ ရုရှားနိုင်ငံအတွင်း မြောက်ကိုရီးယားနိုင်ငံသား ၄၀၀၀၀ နီးပါးလာရောက် အလုပ်လုပ်ကိုင်နေကာ ၎င်းတို့၏ လုပ်ခလစာများကို မြောက်ကိုရီးယား အာဏာပိုင်များထံ ပြန်လည်ပေးပို့ရကြောင်း ၎င်းကပြောသည်။

**ရိုက်တာ။**

# ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းအတွက် အဖမ်းခံရမည်ကို စိုးရိမ်မှုမရှိဟု ကာတာလိုနီးယား ခေါင်းဆောင်ပြော

**ဘာစီလိုနာ အောက်တိုဘာ ၅**
ကာတာလိုနီးယားဒေသကို စပိန်နိုင်ငံထံမှ လွတ်လပ်ရေးတောင်းဆိုနိုင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခဲ့ခြင်းအတွက် မိမိအား ဖမ်းဆီးမည်ဆိုပါက အဖမ်းခံမည်ဖြစ်ကြောင်း ယင်းဒေသ၏ခေါင်းဆောင် ကားလ်စ်ပစ်ဒီမောင့်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားလိုက်သည်။

ကာတာလိုနီးယားဒေသ၌ ကျင်းပသော ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူများ မဲပေးနိုင်ခြင်းမရှိစေရေးအတွက် စပိန်အစိုးရအဖွဲ့က ရဲတပ်ဖွဲ့အင်အားသုံးစွဲ၍ လုပ်ဆောင်ခဲ့လင့်ကစား ပြည်သူ့ဆန္ဒခံယူပွဲကို အောက်တိုဘာ ၁ ရက်တွင် မဖြစ်မနေကျင်းပခဲ့သည်။

ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပစဉ်အတွင်း စပိန် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် ရော်ဘာကျည်များ အသုံးပြုကာ မဲဆန္ဒရှင်များကို လူစုခွဲခဲ့သည်။

ပြည်သူ့ဆန္ဒခံယူပွဲ၌ စပိန်နိုင်ငံထံမှ ခွဲထွက်၍ လွတ်လပ်ရေး ကြေညာရေးဘက်မှ ထောက်ခံမဲ ၉၀ ရာခိုင်နှုန်း ရရှိခဲ့သည်ဟု တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။

ကာတာလိုနီးယား ဒေသကို လွတ်လပ်ရေး ကြေညာပေးရန် ဒေသန္တရအစိုးရအဖွဲ့က ဒေသဆိုင်ရာ ပါလီမန်အား အောက်တိုဘာ ၉ ရက်တွင် တိုက်တွန်းသည့် သဝဏ်လွှာ ပေးပို့မည်ဟု ဆိုသည်။

ကာတာလိုနီးယား ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသူ ဦးရေ၏ ၄၃ ရာခိုင်နှုန်းခန့်ကသာလျှင် မဲပေးခဲ့ကြကြောင်း၊ မဲမပေးဘဲနေသူများမှာ စပိန်လက်အောက်တွင် ဆက်လက် နေထိုင်ရေးကို လိုလားသူများဖြစ်ကြပြီး ပြည်သူ့ဆန္ဒခံယူပွဲကို သပိတ်မှောက်ခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းအတွက် မိမိအဖမ်းခံရမည်ကို စိုးရိမ်ထိတ်လန့်ခြင်းမရှိကြောင်း ပစ်ဒီမောင့်က ဂျာမနီသတင်းစာ ဘစ်ဒ်သို့ ပြောကြားသည်။ **ရိုက်တာ။**



# မက္ကဆီကို၏ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၌ တရုတ်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မည်ဟု မျှော်လင့်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၅**
မြောက်အမေရိကဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် မက္ကဆီကိုနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းကဏ္ဍ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်မြှင့်တင်မည်ဟု မျှော်လင့်ရကြောင်း မက္ကဆီကိုစက်မှုလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ အာတူရိုရန်ဂဲက ပြောကြားသည်။

မက္ကဆီကိုစီးတီး၌ကျင်းပသည့် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲတွင် ရန်ဂဲက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် တရုတ်နိုင်ငံထံမှ မော်တော်ယာဉ် အစိတ်အပိုင်းပစ္စည်း အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံခန့်ကို နှစ်စဉ်တင်သွင်းလျက်ရှိသည်။ မက္ကဆီကိုနိုင်ငံသည် ဂျပန်နှင့် ဂျာမနီနိုင်ငံတို့မှလည်း အလားတူ တင်သွင်းမှုများ ပြုလုပ်လျက်ရှိသည်။

ပြည်ပမှ ဝယ်ယူတင်သွင်းနေရသော မော်တော်ယာဉ် အစိတ်အပိုင်းပစ္စည်းများကို မိမိနိုင်ငံအတွင်း ထုတ်လုပ်နိုင်ရန် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လာမည်ဟု မျှော်လင့်ကြောင်း ရန်ဂဲက ပြောကြားသည်။

**ဆင်ဟွာ။**

# တူရကီအာဏာသိမ်းပွဲတွင် ပါဝင်ခဲ့သည့် တပ်ဖွဲ့ဝင်ဟောင်းများအား ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်

**အန်ကာရာ အောက်တိုဘာ ၅**
တူရကီနိုင်ငံတွင် ယမန်နှစ်ကဖြစ်ပွားခဲ့သော အောင်မြင်မှုမရှိခဲ့သည့် အဓမ္မအာဏာသိမ်းပွဲအတွင်း ပါဝင်ပတ်သက်ခဲ့သည့် တပ်ဖွဲ့ဝင်ဟောင်းများကို တရားရုံးချုပ်က ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် တူရကီစစ်တပ်က အန်ကာရာမြို့ရှိ လွှတ်တော်အဆောက်အအုံတွင် တပ်ဖြန့်ထားခဲ့သည့်အပြင် အစ္စတန်ဘူလ်မြို့ရှိ လေဆိပ်နှင့် တံတားတို့တွင်လည်း တပ်ဖြန့်ထားကာ တူရကီသမ္မတ ရီဆပ် တေရစ် အာဒိုဂန်ကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့ရုံမျှမက အုပ်ချုပ်ရေးအာဏာကိုပါ အဓမ္မသိမ်းပိုက်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် တစ်ညတာ အချိန်အတွင်းမှာပင် ၎င်းတို့၏ အာဏာသိမ်းပွဲအစီအစဉ် ပျက်စီးသွားခဲ့သည်။ အဆိုပါ အဓိကရုဏ်းဖြစ်ပွားမှုတွင် ပြည်သူ ၂၅၀ ခန့် သေဆုံးခဲ့သည်။

အဆိုပါအာဏာသိမ်းရန်ကြိုးပမ်းမှုတွင် တပ်ဖွဲ့ဝင်ဟောင်း ၄၂ ဦး ပါဝင်ပတ်သက်ခဲ့ကြောင်းနှင့် ၎င်းတို့အနက် အများစုကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခဲ့ကြောင်း တရားရုံးချုပ်က ဆိုသည်။

အာဏာသိမ်းမှုကိစ္စနှင့်ပတ်သက်ပြီး ကြားနာစစ်ဆေးသည့်အခါတိုင်း တူရကီသမ္မတ ရီဆပ် တေရစ် အာဒိုဂန်အား ထောက်ခံသူများက တရားရုံးချုပ်အပြင်ဘက်တွင် စုရုံးရောက်ရှိခဲ့ကြပြီး အပြစ်ရှိသူများကို ကြီးလေးသော အပြစ်ချမှတ်မှုများပြုလုပ်ရန် တရားရုံးချုပ်အား တောင်းဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# သီတင်းကျွတ်လပြည့်နေ့ နေပြည်တော်တစ်ခွင်၌ ကောင်းမှုကုသိုလ်ပြုသူများ စည်ကားများပြား

**နေပြည်တော် အောက်တိုဘာ ၅**

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တာဝတိံသာနတ်ပြည်သို့ ကြွရောက်တော်မူပြီး မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလတာကာလပတ်လုံး အဘိဓမ္မာတရားတော်များကို ဟောကြားခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးတော်မူသည်။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ်လည်း သတ်မှတ်ကြသည်။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလတာကာလပတ်လုံး အဘိဓမ္မာတရားတော်များကို ဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံတာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် ဆင်းတော်မူသည်။ မြို့သူမြို့သားများက ဆီမီးများ ထွန်းညှိပူဇော်ကြ၍ ဘုရားရှင်အား ကြိုဆိုကြသည်။

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ကုသိုလ်ပွားများခြင်းကို နံနက်အရုဏ်တက်မှ စတင်ပြုလုပ်ကြရာ နေပြည်တော်ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်ကောင်စီနယ်မြေ ရပ်ကွက်များရှိ စေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များ၌ ဘုရားဝတ်ပြုသံများ၊ ဓမ္မစကြာ၊ ပရိတ်တရားများနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်ကြပြီး ကုသိုလ်ပွားများမှုများ ဆောင်ရွက်ကြသည်။

ထို့သို့ ကုသိုလ်ပွားများကြရာတွင် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ နဝမအကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားနှင့် (၉၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါစေတီတော်၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားတော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။



ထို့ပြင် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ညနေ ၄ နာရီခွဲတွင် ဝတ်ရွတ်ပူဇော်ပွဲကိုလည်းကောင်း**(အပေါ်ပုံ)**၊ ညနေ ၆ နာရီတွင် ဆီမီးထွန်းညှိပူဇော်ပွဲကိုလည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယျဓာတ်ပေါင်းစုစေတီတော်၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်၊ ပျဉ်းမနားမြို့နယ်ရှိ ကိုးခန်းကြီးဘုရား၊ ပုဗ္ဗသီရိမြို့နယ်ရှိ မဟာသကျရံသီ ရပ်တော်မူရုပ်ရှင်တော်မြတ်ကြီးနှင့် သတ္တသတ္တာဟစေတီတော်မြတ်ကြီးတို့၌ ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ရှိ ဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

**မန္တလေး အောက်တိုဘာ ၅**

ယနေ့သည် ဗုဒ္ဓဘာသာနွယ်ဝင် တိုင်းရင်းသား တိုင်းရင်းသူများ၏ နေ့ထူးနေ့မြတ်ဖြစ်သော သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဖြစ်သည်နှင့်အညီ မန္တလေးမြို့တော်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို ဆီမီးများ ထွန်းညှိဆင်နွှဲ၍ မန္တလေးမြို့အတွင်းရှိ အထင်ကရ တန်ခိုးကြီးဘုရားများ၊ မြို့နယ်/ရပ်ကွက်အသီးသီးရှိ ဘုရားပုထိုးစေတီ၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဝါတွင်းဆွမ်းသိမ်းသီလခံယူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲများ၊ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ ပူဇော်ကန်တော့ပွဲများကို ကုသိုလ်ပြု ကျင်းပကြပြီး ဓမ္မစကြာဝတ်အသင်းများ၊ ဘုရားဖူးလာပြည်သူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှ ပန်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ လာရောက်ကပ်လှူပူဇော်ကြသည့် အလှူဒါနပြုသူများ၊ တရားဘာဝနာအားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ယနေ့နံနက် ၄ နာရီက မဟာမုနိဘုရားကြီး ရေတော်ဆရာတော် ဘဒ္ဒန္တဉက္ကဋ္ဌအရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မဟာမုနိရုပ်ရှင်တော်မြတ်အား မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ သစ်သီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ အလားတူ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဝတ်အသင်းအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဓမ္မစကြာ ပရိတ်တရားတော်ဝတ်ရွတ်စဉ်များအလှည့်ကျရွတ်ဖတ် ပူဇော်ခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်းစသည့် ဒါနကုသိုလ်ပြုကြသူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့အပြင် ဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ပုထိုးတော်ကြီး၊ ရွှေကျီးမြင်၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ အောင်တော်မူဘုရား အစရှိသည့် ဘုရားစေတီတို့တွင် ဘုရားဖူးပြည်သူများသည် နံနက်အရုဏ်တက်ချိန်မှစတင်ကာ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)ကျင်းပကြပြီး ညပိုင်းတွင် ဘုရားစေတီတို့၌ ရောင်စုံမီးများ၊ ဆီမီးများထွန်းညှိပူဇော်ကြပြီး ဘုရားဖူးလာပြည်သူများအား စေတနာရှင် အလှူရှင်များက စတုဒိသာကျွေးမွေး ကုသိုလ်ပြုကြသည်။

မန္တလေးတောင်ခြေရှိ မန္တလေးမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး ကောင်းမှုပြုတည်ထားခဲ့သော ကျောက်တော်ကြီးမြတ်စွာဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရား စသည့် ဘုရားသုံးဆူတို့တွင် (၁၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့မှစတင်ပြီး ၁၀ ရက်တိုင်တိုင်ကျင်းပ၍ သီတင်းကျွတ်လပြည့်နေ့၌ ဘုရားနယ်မြေရှိ ရပ်ကွက်/ကျေးရွာအုပ်စု၊ ဌာနဆိုင်ရာတပ်ဖွဲ့များအပါအဝင် လေးပြင်လေးရပ်တို့မှ အလှူရှင်တို့က ဆွမ်းသပိတ်များ၊ ခဲဖွယ်ချိုချဉ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပဒေသာပင်တို့ကို ကားကြီးကားငယ် အသွယ်သွယ်တို့ဖြင့် လာရောက်လှူဒါန်း ပူဇော်ပြီး ကျောက်တော်ကြီးဘုရားအား ဖူးမြော်ပူဇော်ကန်တော့ကြသည်။ လပြည့်ကျော် ၁ ရက်နေ့တွင် ဂေါကပအဖွဲ့ကကြီးမှူး၍ ကုသိုလ်တော်ဘုရား၌ သံဃာတော်အပါး ၃၂၀၀ ကျော်နှင့် စန္ဒာမုနိဘုရားပွဲ၌ သံဃာတော် ၁၂၅ ပါးနှင့် ကျောက်တော်ကြီးဘုရားပွဲတွင် သံဃာ အပါး၂၀၀၀ တို့အား ဆွမ်းသပိတ်များ၊ စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပူဇော်မည်ဖြစ်သည်။

ညပိုင်းတွင် သက်တော်ထင်ရှား ဘုရားရှင်အား ရည်မှန်း၍ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအပါအဝင် ဘုရားပုထိုး၊ စေတီ၊ ကျောင်းကန်ဓမ္မာရုံတို့တွင် ကုသိုလ်ပြုသူများ၊ အဘိဓမ္မာအခါတော်နှင့် ပူဇော်ပွဲများ၊ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ မိဘဆရာဂုဏ်ကြီးသူတို့အား ပူဇော်ကန်တော့ပွဲများကို အေးချမ်းစွာကျင်းပကြပြီး ဆီမီးများပူဇော်ခြင်း၊ အိမ်ရာရုံး၊ ဘူတာရုံ၊ စည်ပင်ရုံး၊ အဆောက်အအုံ၊ ဈေးဝယ်စင်တာများ၊ ရပ်ကွက်များ၊ လမ်းများ၌လည်း အလှဆင်မီးရောင်ပြေး မီးရောင်စုံတို့ဖြင့်ထွန်းညှိကာ လမ်းများအလိုက် နိဗ္ဗာန်ဈေးများ စည်ကားစွာကျင်းပခြင်းဖြင့် မန္တလေးမြို့တော်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## လျှောင်ငယ်နှစ်ခု လှုပ်ခတ်

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့ ညနေ ၆ နာရီ ၀၆ မိနစ် ၅၈ စက္ကန့်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်ဘက် မိုင် ၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မုံရွာမြို့၏အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ခတ်သွားသည်။

အလားတူ ယနေ့ ည ၈ နာရီ ၁၇ မိနစ် ၂၉ စက္ကန့် တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်မြောက်ဘက် ၁၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကလေးမြို့၏အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## စစ်တွေမြို့၌ အဘိဓမ္မာအခါတော်နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်တွေ အောက်တိုဘာ ၅**

စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) နံနက် ၉ နာရီတွင် မြို့နယ်လုံးကျွတ်ဆွမ်းဆန်တော် လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်သံဃာတော်များ၊ သီလရှင်ကျောင်းတိုက် အသီးသီးမှ သီလရှင်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့်ဇနီး၊ ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (စစ်တွေ) ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်လှမြင့်စိုးနှင့်ဇနီး၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသားများက ဆွမ်းဆန်တော်များ၊ ဖျော်ရည်ဘူးများ၊ အသင့်သုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ စသည်တို့ကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စိတ်ဓာတ်ကျခြင်းကို ဘယ်လိုတားဆီးမလဲ

မနောဖြူလေး

လူတွေဟာ ကိုယ့်ဘဝရဲ့ဉယျာဉ်မှူးတွေဖြစ်ပါသည်။ ကိုယ့်ဘဝကိုကိုယ်ကိုယ်တိုင် ဘယ်လိုထိန်းကျောင်းသွားကြပါသလဲ။ ဉယျာဉ်မှူးကောင်းတွေဟာ အပင်သန်ပြီး အသီးတွေအောင်ဖို့ အပွင့်တွေလှပြီး အညွန့်အခက်တွေဝေစည်ဖို့ ကြိုးပမ်းပြုပြင်ကြရပါသည်။ ပိုးမကျအောင်၊ မျိုးမပျက်အောင် ပြုစုစောင့်ရှောက်ကြသည်။ တချို့ကတော့ ကိုယ့်ကိုယ်ကိုယ်အလေးမထား ပတ်ဝန်းကျင်ကိုလည်း ပစ်ပယ်ကြလို့ ဘဝဖုန်းဆိုးတောတွေ ဖြစ်ကုန်ကြတာကို တွေ့ရှိနေရပါသည်။

ကျွန်မတို့သည် နေ့စဉ်လူနေမှုဘဝတွင် ရွေးချယ်မှုများစွာကို လုပ်ကိုင်နေရပါသည်။ ရွေးချယ်သည်ဆိုသည့် စကားရပ်တစ်ခုသည် ကျွန်မတို့အတွက် အထူးဆန်းကြယ်သောစကားရပ်တစ်ခုပင် မဟုတ်ပါလား။ မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်သည်နှင့် တစ်ပြိုင်နက်တည်း အိပ်ရာအရင်သိမ်းမလား၊ အိမ်သာအရင်သွားမလား၊ ဒါမှမဟုတ် မျက်နှာအရင်သစ်မလားဆိုတဲ့ စဉ်းစားရတဲ့ ရွေးချယ်မှုဆိုသောအရာနှင့် စတင်ထိတွေ့ရပါသည်။

အဲဒီလိုရွေးချယ်မှုတွေ များလာသည့်အခါ အမှန်ကိုရွေးချယ်မိသလို အမှားကိုလည်း ရွေးချယ်မိတတ်ကြပါသည်။ ရွေးချယ်မှုအပေါ် မူတည်ပြီး လုပ်ဆောင်ခြင်းကြောင့် အောင်မြင်သူများရှိလာကြသလို ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ရသူများလည်း ဒုနဲ့ဒေး သင်တွေ့ဖူးပါလိမ့်မည်။ ယခုလိုရှုံးနိမ့်မှုမျိုးဖြစ်လာခဲ့ရင်လည်း အရင်ဆုံး စိတ်ဓာတ်ကျဆင်းခြင်းဆိုသည့် ဂုဏ်ပုဒ်ကတွဲလျက်ကပ်ပါလာမြဲ ဖြစ်ပေသည်။ စိတ်ဓာတ်ကျဆင်းမှုကို လူတိုင်းကြုံတွေ့ ဖူးကြမည်ဖြစ်ပါသည်။ စိတ်ဓာတ်ကျဆင်းမှုဆိုတာ ဘာလဲလို့ မေးခဲ့ရင်လည်း ထိုအဓိပ္ပာယ်ကိုသိရှိပြီးဖြစ်သော်လည်း ပြေပြစ်တိကျသော စကားလုံးများနှင့် အနက်ဖွင့်ဆိုရန် အမှန်တကယ် အခက်အခဲရှိပါသည်။ စိတ်ရောဂါဝေဒနာ အမျိုးမျိုးရှိသည့်အထဲမှ စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်ကြွရောဂါတွေက ပတ်ဝန်းကျင်ရဲ့ပြောင်းလဲမှုနဲ့ တိုက်ရိုက်မပတ်သက်ပေမယ့် စိတ်ကျရောဂါဝေဒနာကတော့ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှု၊ ပြောင်းလဲလာသည့်လူများ၏ စိတ်ပိုင်းဆိုင်ရာဖိစီးမှုများနှင့် ပတ်သက်နေသကဲ့သို့ တစ်နေ့တခြားလည်း များပြား လာနိုင်တယ်လို့လည်း သိရှိရပါသည်။

ပုဂ္ဂိုလ်တစ်ဦးကတော့ စိတ်ဓာတ်ကျခြင်းဆိုသည်မှာ ဘာကိုမှလုပ်ဆောင်မှုမရှိသည့် အန္တရာယ်ရှိသော အခြေအနေတစ်ရပ်လို့ ပြောဆိုခဲ့ဖူးပါသည်။ တကယ်တော့ စိတ်ဓာတ်ကျခြင်းသည် ဘဝတွင် မျှော်လင့်ချက်ဆိတ်သုဉ်းကင်းမဲ့သွားခြင်းနှင့် ဘာတစ်ခုမျှ မလုပ်ချင်မကိုင်ချင် ဖြစ်ခြင်းများအပြင် ထိုကိစ္စအတွက် ဘာမျှကုစား၍ မရတော့ဟုယူဆနေခြင်းနှင့် မိမိအတွက် ဘာမျှအရေးတကြီး ဆောင်ရွက်စရာမရှိတော့ခြင်း၊ နေရာမရှိခြင်းသည်လည်း စိတ်ဓာတ်ကျခြင်းပင် ဖြစ်ပေသည်။ စိတ်ဓာတ်ကျပြီဆိုသည်နှင့်လည်း ရွေးချယ်စရာဟူ၍ မရှိတော့သည့်အနေအထားပင် ဖြစ်ပါသည်။ အနာဂတ်နှင့်ပတ်သက်၍ အပြုသဘောဆောင်သောအတွေးအခေါ်များကင်းမဲ့နေပြီး ကိုယ့်ဘဝကို မကျေနပ်ခြင်းများလည်း ပါဝင်နေပေသည်။



“ဝန်းကျင်အလိုက် ပြောင်းလဲမှုများနှင့်အတူ တစ်ခါတလေပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများကြောင့် စိတ်ဓာတ်ကျခြင်း၊ ပတ်ဝန်းကျင်နှင့် အဆက်အဆံမလုပ်ချင်ခြင်းများလည်း အနည်းအများဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် သင်သည် စိတ်ဓာတ်ကျဆင်းနေပါက ပတ်ဝန်းကျင်ကို ခဏတာမျှ မေ့ဖျောက်လိုက်ပါ။ အမြင်ကြည်လင်စေရန် စိမ်းလန်းစိုပြည်သည့်အပြင် လေကောင်းလေသန့်ရနိုင်သည့်နေရာများကို ထပ်ကာထပ်ကာ သွားရောက်လိုက်ပါ။ နောက်မိမိရဲ့အမှားများကို တစ်ခုချင်း ရှာဖွေကြည့်လိုက်ပါ။”

လူ့ဘဝတွင် စိတ်ဓာတ်ကျဆင်းနေသောကာလများသည် ကြမ်းတမ်းသောလမ်းကြောင်းမှ ထွက်လမ်းမမြင်တော့သည့်အခါမျိုးနှင့် လင်းလက်နေသောနေရောင်ခြည်အစား တိမ်တိုက်မဲကြီးများကို မြင်နေရသောကာလမျိုးများပင် ဖြစ်ပါသည်။

ထိုသို့ သင့်စိတ်သည် ပြောင်းလဲနေပြီဆိုလျှင် လူတွေရဲ့စိတ်သည် အတော်ဆန်းကြယ်၍ အင်အားများရှိသည်ကိုအစဉ်အမှတ်ရနေဖို့ လိုအပ်ပါသည်။ သင့်ရဲ့စိတ်ကို သင်ထိန်းချုပ်နိုင်သည်ဆိုသောအချက်ကိုလည်း သင်အစဉ်အမြဲသတိရနေပါ။ သင်၏ လုပ်ဆောင်ချက်များက သင်၏ခံစားချက်ကို ပြဋ္ဌာန်းခြင်းသာလျှင်ဖြစ်ပါသည်။ မည်သူတွေ မည်သို့ စိတ်ဓာတ်ကျဆင်းစေမည့် အပြုအမူလုပ်ဆောင်ချက်များ လုပ်ဆောင်နေပါစေ၊ သင့်စိတ်ကိုသင်သာလျှင် ပိုင်သည်လို့ စွဲမြဲထားရမည်။ ကျွန်မသည်လည်းလူထဲကလူပဲလို့ အမြဲစိတ်ဓာတ် တက်ကြွနေသည်လို့ မထင်လိုက်ပါနဲ့။ ကျွန်မသည်လည်း ကျွန်မရဲ့ ဝန်းကျင်အလိုက် ပြောင်းလဲမှုများနှင့်အတူ တစ်ခါတလေ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများကြောင့် စိတ်ဓာတ်ကျခြင်း၊ ပတ်ဝန်းကျင်နှင့် အဆက်အဆံမလုပ်ချင်ခြင်းများလည်း အနည်းနှင့်အများဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် သင်သည် စိတ်ဓာတ်ကျဆင်းနေပါက ပတ်ဝန်းကျင်ကို ခဏတာမျှ မေ့ဖျောက်လိုက်ပါ။ အမြင်ကြည်လင်စေရန်စိမ်းလန်းစိုပြည်သည့်အပြင် လေကောင်းလေသန့်ရနိုင်သည့် နေရာများကို ထပ်ကာထပ်ကာ သွားရောက်လိုက်ပါ။ နောက်မိမိရဲ့ အမှားများကို တစ်ခုချင်း ရှာဖွေကြည့်လိုက်ပါ။ စိတ်ဓာတ်ကျခြင်း၏ အကြောင်းအရင်းခံသည် တစ်ခါတစ်ရံ ဒေါသဖြစ်တတ်ပါသည်။ ဒေါသသည် ဦးတည်ချက်မရှိဘဲ ထွက်လေ့မရှိသော၊ တစ်ခါတစ်ရံဒေါသသည် တစ်စုံတစ်ယောက်သော သူကို ဦးတည်နေတတ်ပါသည်။ ဒီလိုအခါတွင် သင်သည် ဘယ်သူ့ကိုဒေါသထွက်နေသနည်း။ တစ်ဦးတစ်ယောက်ကို ဒေါသထွက်နေရာက စိတ်ဓာတ်ကျနေတာလား၊ လူတစ်စုကို ဒေါသထွက်နေတာလား။ ဘာကြောင့် ဒေါသထွက်နေသည်ကို သင်ရှာဖွေပါ။ အကယ်၍သာ သင့်ရဲ့စိတ်ဓာတ်ကျမှုသည် ဒေါသထွက်မှုနှင့်ဆက်စပ်ပါက သင်ဒေါသထွက်နေသော သူများထံ သွားလိုက်ပါ။ ထို့နောက် သင်ကသူတို့ကို ခွင့်လွှတ်ကြောင်းပြောလိုက်ပါ။ ထို့နောက် အပြန်ခရီးတွင် သင့်ကိုယ်သင်လည်းခွင့်လွှတ်လိုက်ပါ။

ထို့နောက် စိတ်ဓာတ်ကျခြင်းသည် ဘာမျှလုပ်စရာမရှိတော့သည့် အခြေအနေမျိုးဖြစ်ပေရာ သင်သည် စိတ်ဓာတ်ဆက်လက်ကျဆင်းနေပါက အလုပ်လုပ်စရာစာရင်းတစ်ခုကိုချရေးလိုက်ပါ။ ထိုကဲ့သို့ အလုပ်များကို ရေးချပြီး ထိုအထဲမှ ဘယ်အလုပ်ကို အရင်စတင်လုပ်ဆောင်ရန် သင်ရွေးချယ်လိုက်ပါ။ ထို့နောက် အလုပ်တစ်ခုပြီးတစ်ခု ဆက်လက်လုပ်ဆောင်လိုက်ပါ။ သင်သည် အလုပ်တစ်ခုပြီးတိုင်း သင့်ရဲ့စိတ်သည် တစ်ဆင့်မြင့်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဒီလိုမှ စိတ်ဓာတ်ကျမှု မပြောင်းလဲသေးလျှင် အချိန်ရရှိအောင် အရင်လုပ်ဆောင်ပြီးတရားထိုင်ပါ။ ၁၅ မိနစ် အရင်တရားထိုင်ကြည့်ပြီးနောက် မိနစ် ၂၀၊ ၂၅ မိနစ်တိုးတိုးပြီး ဆက်လက်လုပ်ဆောင်လိုက်ပါ။ ဒါဆိုရင်တော့ သင်ရဲ့စိတ်သည်အေးချမ်းမှုဆီသို့ အမှန်တကယ်ပြောင်းလဲသွားမည်ဖြစ်ပေသည်။ နေ့တိုင်းအချိန်အနည်းငယ် တရားထိုင်ပေးခြင်းဖြင့် စိတ်ကိုအေးချမ်းမှု ပိုမိုဖြစ်ပေါ်စေပါသည်။ ဒီလိုမှမဟုတ်သေးလျှင် ဆက်လက်ပြီး တစ်စုံတစ်ယောက်ကိုကူညီလိုက်ပါ။ အကူအညီလိုနေသူတစ်ဦးကို ကူညီလိုက်ပါ။ သူများကိစ္စကို ကူညီခြင်းအားဖြင့် “ဩော် သူများကိစ္စတွေတောင် ငါကူညီနိုင်တာပဲ” ဟုဆိုသည့် အတွေးများရရှိလာကာ ထိုအတွေးက သင့်အား စိတ်ဓာတ်ရေးရာအရ မြှင့်တင်ပေးပြီးသားအလိုလိုဖြစ်သွားပါလိမ့်မည်။

စိတ်ဓာတ်ကျဆင်းခြင်းသည် ကျန်းမာရေးကိုအလွန်အမင်း ထိခိုက်မှုဖြစ်စေပြီး စိတ်၏ယိုယွင်းပျက်စီးစေမှုကို အားပေးပါသည်။ ကျွန်မဖတ်ဖူးသည့် စာအုပ်ထဲမှ ရတ်ဖ်ဝေါလ်ဒိုးအီမာဆင်ရဲ့ စကားစုလေးက ပျော်ရွှင်ခြင်းဆိုသည်မှာ သင့်ကိုယ်ပေါ်သို့ တစ်စက်မျှမကျဘဲ အခြားသူများ၏ ကိုယ်ပေါ်သို့ ပက်ဖျန်း၍ရသောရေမွှေးမဟုတ်ပါလို့ သူက ဆိုထားပါသည်။ ဒါကြောင့် စိတ်ညစ်ခြင်းဆိုသည့်အရာကို သင်ဘယ်တော့မှ လက်မခံပါနှင့်။ အကယ်၍ ရောက်ရှိလာခဲ့လျှင်လည်း သင်သည် တစ်နည်းနည်းဖြင့် မောင်းထုတ်လိုက်ပါလို့ ပြောရင်းဖြင့် အောင်မြင်မှုပန်းတိုင်ဆီသို့ အရောက်လှမ်းစေဖို့ ရေးသားလိုက်ရပါသည်။ ။

# သီလ + သမာဓိ + ပညာ

မိုးထွန်း

‘သီလ(၅-၈-၂၀၁၇၊ အင်္ဂါနေ့ထုတ် ကြေးမုံပါ)’၌ သီလအကြောင်း တစေ့တစောင်း ရေးခဲ့ရင်း သမာဓိနှင့် ပညာစကားတို့သည်လည်း တစ်ရစ်ဝဲဝဲ အတွေးထဲ မထွက်တော့ပါ။ သို့ဖြစ်ပါ၍ စာပေနှံ့စပ်သူ ဆရာတော်သံဃာတော်များထံ လျှောက်ထားမေးမြန်းခဲ့ရာ မူလပုဒ်ရင်း အနက်အဓိပ္ပာယ်သဘော သဘာဝတို့ကို သေချာဂနရှင်းပြသည်မို့ ကျေးဇူးတင် ဦးခိုက်ရပါသည်။ ထို့ပြင် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဒေဝပုတ္တသံယုတ်ပိုင်း၌ ဟောကြားမူသော “သီလေ ပတိဋ္ဌာယနရော သပညော”အစရှိ ဂါထာပုဒ်အား မူတည်ပြီးလျှင် သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော သာသနာတော်ကြီး အကျယ်ဖွင့်ဆိုရေးသားသည့် အရှင် မဟာ ဗုဒ္ဓဃောသမထေရ်၏ စီရင်ဖွင့်ဆိုသည့် “ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ” ကို ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ မြန်မာပြန်ဆို(သာသနာနှစ် ၂၅၀၉ ပြည်ထောင်စုမြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့)ပဌမတွဲကို လှမ်းယူဖတ်မိရင်း လောကုတ္တရာအရ လေးနက်ရိုသေ ဦးခိုက်မိပါသည်။

သို့သော် သံသရာပြတ်ခြင်း၊ အဆင့်မြင့်ဘုံသို့ တက်ခြင်းနှင့် အောက်ဘုံသို့ ဆင်းခြင်းစသဖြင့် မြင်အပ်မမြင်အပ် လောကလွန်ရှိကုန်သော သဘောသဘာဝတို့ထက် နိစ္စဓူဝ လောကီလူသားအတွက် ပေါ့ပါးလွတ်လပ်ရေးလိုပါ၍-

“သမာဓိ=စိတ်တည်ကြည်ခြင်း။” ဟု အကြမ်းဖျင်း ဆိုနိုင်ကောင်းပါမည်။

“ပညာ=အသိဉာဏ်။”ဟု လိုရင်း မှတ်နိုင်ကောင်းပါမည်။

သီလ+သမာဓိ+ပညာတို့သည် တစ်ခုပေါ် တစ်ခုဆင့်လျက်တင့်လျက်ရှိကြောင်း ဆိုဆုံးမခံခဲ့ရပါသည်။

သီလ(ကိုယ်ကျင့်တရား)ရှိမှ သမာဓိ(စိတ်တည်ကြည်ခြင်း)ရှိပြီး ပညာ(အသိဉာဏ်) ရမည်ဟု ဆိုပါသည်။

သီလ+သမာဓိ+ပညာတို့သည် သုံးပွင့်ဖိုခနောက်တွဲလက်ရှိကြောင်း သွန်သင်ခံခဲ့ရပါသည်။

သီလ(ကိုယ်ကျင့်တရား)၊ သမာဓိ(စိတ်တည်ကြည်ခြင်း)နှင့် ပညာ(အသိဉာဏ်) တစည်းတလုံး ချိတ်ဆက်တွဲလျက်ဟု ဆိုလိုပါသည်။

ဒုစရိုက်(မကောင်းမှု) ရှောင်ကြဉ်(သီလရှိ)သဖြင့် လိပ်ပြာလုံ(သမာဓိရှိ)လျက် ကြည်လင်စိတ်(ပညာ)နှင့် နေထိုင်စားသောက်နိုင်ပါသည်။

သုစရိုက်(ကောင်းမှု)ဆောင်(သီလခိုင်)သဖြင့် စိတ်ခွန်အားတက်(သမာဓိမြဲ)လျက် တွေးခေါ်မြော်မြင်စိတ်(ပညာ)နှင့် ရှေ့တိုးဆောင်ရွက်နိုင်ပါသည်။

လူ့မနောလူ့သဘောနှင့် ဖြစ်ပျက်လောကတို့ကို ငဲ့စောင်းကြည့်မိရင်း ရှေ့ဆောင်၊ အကျိုးပြု၊ တတ်သိပညာရှင်၊ တီထွင်ဖန်တီးသူ၊ ပေးဆပ်သူနှင့် လူမွန်လူချွန်အပေါင်းတို့သည် လောကုတ္တရာအတွက် မည်သို့တွေးဆတတ်ကြကြောင်း (ကျွန်ုပ်= ငချွတ်ငမွှား)စဉ်းစားဖွယ်ရာမဟုတ်ဟု ခံယူရင်း ထိုသီလ+သမာဓိ+ပညာ တို့ကို လောကီရေး၌ အစွမ်းရှိသမျှ ကျင့်ကြံစွမ်းဆောင်နေကြသည်ကိုမူ ဝမ်းမြောက်ကြည်နူးလျက် ဤသည်ကား လောကတ္ထစရိယ(တလောကလုံးအကျိုးငှာကျင့်ခြင်း)အား ရိုသေဦးခိုက်လိုက်ပါသည်။ ။

# ဒီမိုကရေစီကို ဝန်ခံခြင်း

ထွန်းဇော်ထွန်း(လေးမျက်နှာ)

ဒီမိုကရေစီဟူသော ဝေါဟာရသည် ဂရိဘာသာစကားက ဆင်းသက်လာသည်ဟု အများသိကြသည်။ လူအများ၏ဆန္ဒကို အကောင်အထည်ဖော်ပြီး အနည်းစု၏ ဆန္ဒသဘောထားများကို အလေးထားကာ အုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်တစ်ရပ်ဟု အကျဉ်းအားဖြင့် နားလည်နိုင်သည်။ အဓိပ္ပာယ်ဖွင့်ဆိုသူတို့အလျောက် အနည်းငယ်ကွဲပြားမှုရှိနိုင်သော်လည်း အဓိပ္ပာယ်အားဖြင့်တော့ များစွာမခြားနားပေ။ လိုက်နာကျင့်သုံးသော လူ့အဖွဲ့အစည်းတစ်ခုအတွက်တော့ လောကီလမ်းပြမြေပုံတစ်ခုဟု ဆိုရပေမည်။ သို့သော် ခံယူကျင့်သုံးသော လူ့အဖွဲ့အစည်းတစ်ခုအတွက်သာ ဖြစ်ပေသည်။ ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်နှင့် အခြားသော အုပ်ချုပ်ရေးစနစ်များဖြင့် အုပ်ချုပ်သောနိုင်ငံနှင့် လူ့အဖွဲ့အစည်းများလည်းရှိပေသည်။ မိသားစုတစ်ခုချင်းစီပင်လျှင် အမည်မတပ်ထားသော ဝါဒများ၊ အုပ်ချုပ်ရေးစနစ်များဖြင့် အုပ်ချုပ်မှုတို့လည်း ရှိပေသည်။ အကြောင်းကိစ္စတစ်ခုအတွက် မိသားစုတိုင်ပင် ဆွေးနွေးညှိနှိုင်းကာ ဆုံးဖြတ်သော မိသားစုရှိသည်။ ဝိုင်းဝန်းစဉ်းစားဆင်ခြင်ကာ ပြုပြင်သင့်သည်ကို ပြုပြင်၊ ညှိသင့်သည်ကိုညှိနှိုင်းပြီး မိသားစုအားလုံးသဘောတူမှ ဆောင်ရွက်သော မိသားစုအုပ်ချုပ်မှုစနစ်လည်းရှိပေမည်။ မိသားစုဒီမိုကရေစီစနစ်ဟုပင် ဆိုရပေမည်။

အိမ်ထောင်တစ်ခု မိသားစုတစ်ခုတွင်ပင်လျှင် ခင်ပွန်း၊ ဇနီး၊ အဘိုး၊ အဘွား(သို့) ကြီးကဲသူ တစ်ဦးဦးက ဦးဆောင်သော မိသားစုအုပ်ချုပ်မှုစနစ်များလည်း ရှိသည်။ စီးပွားရေးကိုသာ ဦးတည်ပြီး အခြားသော မိသားစုအရေးကိစ္စများကို အလေးမထားဘဲ အုပ်ချုပ်သောမိသားစု အုပ်ချုပ်မှုစနစ်များလည်း ရှိကြသည်။ ခေါင်းဆောင်သူတစ်ဦးတစ်ယောက်တည်း၏အမိန့်ကို မိသားစုအားလုံးက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လိုက်နာအကောင်အထည် ဖော်ရသော မိသားစုများလည်း ရှိကြသည်။ ဒီမိုကရေစီ၊ ဆိုရှယ်လစ်၊ အာဏာရှင် စသည်ဖြင့် အုပ်ချုပ်ရေးစနစ် အမည်အမျိုးမျိုးရှိကြပေမည်။ သို့ရာတွင် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သော၊ ဒီမိုကရေစီဆန်သော မိသားစုများနှင့်နိုင်ငံတို့တွင် စီးပွားရေးလူမှုရေးစသည့် နယ်ပယ်စုံတွင် တိုးတက်မှု ရှိကြသည်။ ဆိုရှယ်လစ်စနစ်ဖြင့် အောင်မြင်သော မိသားစုနှင့် နိုင်ငံများလည်း ရှိကြသည်။ သို့ရာတွင် အာဏာရှင်စနစ်ကျင့်သုံးသော မိသားစုများ၊ နိုင်ငံများတွင် ပစ္စုပ္ပန်ဘဝများစွာ မသာယာသလို အနာဂတ်များလည်း လှပမှုမရှိသည်မှာ သေချာသည်။ သို့ရာတွင် ထိုစနစ်တွင် ဖိနှိပ်ခံ လူတချို့ (သို့မဟုတ်) အုပ်ချုပ်ခံလူတန်းစားကို အမိန့်အာဏာဖြင့် လိုရာကို ရအောင်၊ ရောက်အောင်ပြုနိုင်သည်။ အုပ်ချုပ်သူ လူတန်းစားနှင့် ပေါင်းစားသူများ၊ လူနတ်ချမ်းသာသမားများစွာ စည်းကမ်းမဲ့လာကြသည်။ တာဝန်မဲ့လာကြသည်။ ယနေ့တွင် နိုင်ငံသူနိုင်ငံသားများကိုယ်တိုင် လွတ်လပ်သည်ဟု ယူဆသော ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ခုံမင်လာကြသည်။ သို့ရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုများကိုတော့ မေ့လျော့လာကြသည်။ စကားလုံးအဖြစ် လှလှပပသုံးလိုသူများသကဲ့သို့ အမှန်တကယ်အကောင်အထည်ဖော်လိုသူများလည်း ရှိသည်။ လေးနက်စွာခံယူကျင့်သုံးသူ နည်းပါးပြီး ကိုယ်ကျိုးရှာအတ္တသမားများလည်း ရှိသည်။ ဒီမိုကရေစီပဲ မကြိုက်လည်း ဆန္ဒပြ၊ ကြိုက်လည်းဆန္ဒပြ လူတွင်ကျယ်လုပ်လိုသူများလည်း ပေါလှသည်။ လူတချို့က လွဲမှားစွာ နားလည်ကြသည်မှာ အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုကို ကြည့်ကာ အတိုအပြတ်၊ အဖော်အချွတ် ဝတ်စားဆင်ယင်ခြင်းကို ဒီမိုကရေစီဟု မြင်ကြသည်။ မြန်မာနိုင်ငံရှိ ခေတ်လူငယ်တချို့ပင် အနောက်တိုင်းယဉ်ကျေးမှု ဝတ်စားဆင်ယင် တုပလာခြင်းကို ဒီမိုကရေစီဟု ထင်မြင်ကြသည်။ အမှန်တကယ်မှာ ယဉ်ကျေးမှုသည် လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာအပေါ် တည်မှီသည်။ ယဉ်ကျေးမှုရှုထောင့်ဖြင့် လိုအပ်သော ထိန်းကျောင်းကန့်သတ်မှု လိုအပ်သည်။ ယင်းမှာ ဒီမိုကရေစီစနစ်၏ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့၏ ဘာသာတရား၊ ရိုးရာယဉ်ကျေးမှု ထိန်းကျောင်းပြုပြင်ခြင်း တာဝန်ခံမှု တာဝန်ယူမှု သဘောတရားနှင့်သာ သက်ဆိုင်ပေမည်။ အုပ်ချုပ်မှုစနစ်တစ်ရပ်နှင့် တိုက်ရိုက်ပတ်သက်ခြင်းဟု ဆိုနိုင်မည်မထင်ပေ။ အလျဉ်းသင့်၍ တင်ပြရမည်ဆိုလျှင် စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုတို့ကိုလည်း တာဝန်သိစိတ်ဖြင့် လူတိုင်းက ထိန်းသိမ်းရန် လိုအပ်ပေသည်။

ယနေ့ မြန်မာနိုင်ငံတော်ကို ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှအစပြု၍ ဒီမိုကရေစီအုပ်ချုပ်မှု စနစ်ဖြင့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား အုပ်ချုပ်ရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိသည့် ဒီမိုကရေစီစနစ်ကို ပြန်လည်အကောင်အထည်ဖော်လာနိုင်ခဲ့ပြီဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများစွာတွင် ပြည်သူအများပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ မိမိတို့ ကိုယ်တိုင်ပါဝင်တည်ဆောက်သူ၊ ထိန်းကျောင်းပြုပြင်တည့်မတ်သူ၊ တာဝန်ခံသူ၊ တာဝန်ယူသူ၊ တာဝန်သိသူဖြစ်ရန် လိုသည်။ သို့မှသာ လွတ်လပ်ခြင်းနှင့်အတူ တိုးတက်ကောင်းမွန်သော အနာဂတ်ကို လျှောက်လှမ်းနိုင်ပေမည်။

တာဝန်သိမှု၊ တာဝန်ယူမှု တာဝန်ခံမှုဆိုရာဝယ် ရိုးရှင်းလှသည်။ သို့ရာတွင် အသေးအဖွဲ့ပင် လိုက်နာရန်လိုသည်။ အစိုးရယန္တရားကို တာဝန်ယူလည်ပတ်ရသော ဝန်ထမ်းများကလည်း ပြုပြင်ပြောင်းလဲမှုတွင် ကိုယ်တိုင်တည်ဆောက် ပြုပြင်သူများအဖြစ် ပါဝင်ရန် အဓိကလိုအပ်သည်။ ပြည်သူ့ကိုယ်စားအုပ်ချုပ်ရသူ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ ကလည်း အမြဲမပြတ်အပြန်အလှန် ထိန်းကျောင်းပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်။ ပဋ္ဌမမဏ္ဍိုင်ဆိုရမည့် ပြည်သူများကလည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုတို့ဖြင့် အပြောင်းအလဲကောင်းကို ဖော်ဆောင်ရန်လိုအပ်သည်။ မျှတမှန်ကန်သော ဒီမိုကရေစီစနစ်တစ်ရပ်ကို ရေရှည်တည်တံ့အောင် အားလုံးက ဝိုင်းဝန်းဖော်ဆောင်ကြရပေမည်။ လူတိုင်း၊ နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်လည်းဖြစ်သည်။

ယနေ့အချိန်အထိ နိုင်ငံ့ဝန်ထမ်းများသည်ပင်လျှင် အသေးအဖွဲ့ကစ၍ သတိဖြင့်ပြုပြင်ပြောင်းလဲပစ်ရပေမည်။ ရုံးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည့် ကျွန်ုပ်သည်ပင်လျှင် ပြောင်းလဲမှုကို အမှန်တကယ်လိုလားသည်။ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်ကို မြတ်နိုးသည်။ သို့ရာတွင် တယ်လီဖုန်းလိုင်းကြိုးပျက်သည်ကို သက်ဆိုင်ရာဌာန တာဝန်ရှိသူကို အကြောင်းကြားသည်။ တာဝန်ရှိဌာနက လာရောက်ပြုပြင်သည်။ သက်ဆိုင်ရာဌာနတွင် ပြုပြင်ရမည့် တာဝန်အပြည့်ရှိခြင်းကို ကိုယ်တိုင်နားလည်သည်။ သို့ရာတွင် ပြုပြင်ပေးသည့် ဝန်ထမ်းကလည်း ၎င်း၏လုပ်အားအတွက် အခကြေးငွေရလိုသည့် ဆန္ဒရှိနေသည်။ စာရေးသူအဖို့ ဌာနသဘောတရား၊ အလုပ်သဘောတရားကို နားလည်ထားသည်။ ပြုပြင်ပေးရမည့် တာဝန်ရှိသည့် ဌာနဝန်ထမ်းကို သက်ဆိုင်ရာဌာနက ၎င်း၏လုပ်အားအတွက် လစာနှင့် ခံစားခွင့်ပေးထားသည်ကို သိသည်။ ဝန်ထမ်းကလည်း အပိုဝင်ငွေ ရလိုနေသည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လိုသည့် စာရေးသူသည် သို့အတွက် အခကြေးငွေမပေးလိုပေ။ တာဝန်ရှိဝန်ထမ်းကလည်း လက်ဖက်ရည်ဖိုးတော့လိုချင်နေသည်။ ပေးပါလို့တော့မတောင်းရဲပေ။ သို့ရာတွင် စာရေးသူက အဆိုပါ ပြုပြင်မှုအတွက် ဌာနရန်ပုံငွေ ခေါင်းစဉ်မရှိသည်ကို သိသော်လည်း အားနာမှုအရ ပေးချင်နေသည်။ ဤသည်မှာပင် ကျွန်ုပ်ကိုယ်တိုင် ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ဖြစ်သော လာဘ်ပေးမှုကို ကျူးလွန်မိလိုက်သည်။

စာရေးသူ၏ နိုင်ငံပိုင်ရုံးဌာနအတွက် မြေယာဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည့် ကိစ္စနှင့်ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုအတွက်လည်း ထိုနည်းတူ သက်ဆိုင်ရာဌာနက ဆောင်ရွက်ပေးရမည်ကို သိသည်။ သို့ရာတွင် အဆိုပါဌာနက တာဝန်ရှိသူကို မေးမိသည်။ တရားဝင်ဘာတွေ ဆောင်ရွက်ပေးရမလဲ။ အဆိုပါတာဝန်ရှိသူက ဌာနဆိုင်ရာအချင်းချင်းပဲဗျာ တပည့်တွေကို ကြည့်ပေးလိုက်ပါဟု ဆိုလာသည်။ တရားဝင် လမ်းကြောင်းအရသာလုပ်မည်ဟု စဉ်းစား ပိုင်းဖြတ်ထားသော စာရေးသူသည် ဒီတစ်ကြိမ်တွင်လည်း လက်ဖက်ရည်ဖိုးမကအောင် လက်လွန်သွားခဲ့ပြန်လေပြီ။ နားထဲတွင်တော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရွေးကောက်ပွဲမတိုင်မီကာလက ခရီးစဉ်တစ်ခုတွင် ပြောခဲ့သော လက်ဖက်ရည်ဖိုးလေး ပေးပါဆိုသူရော ပေးသူပါ လာဘ်ပေး လာဘ်ယူနေတာ ဖြစ်သည့်အတွက် မလုပ်ရန် ပြည်သူလူထုကို တိုက်တွန်းသည့် စကားကို အမြဲကြားယောင်နေခဲ့ပါသည်။ အစိုးရသစ်တာဝန်ယူခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် ပြောခဲ့သည့် မိန့်ခွန်းတွင် ငွေကြေး ဘယ်ရွေ့ဘယ်မျှအပေးအယူ လုပ်ခြင်းကို သာ အဂတိမမည်ဘဲ အဂတိ တရား(၄)ပါးတွင် ပါဝင်ပတ်သက်နေခြင်းသည်လည်း အဂတိလိုက်စားမှုဖြစ်သည်ဟု ဆုံးမခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံ ပြောကြားခဲ့သည့် စကားများကိုလည်း ကြားယောင်နေမိသည်။ သို့ရာတွင် အကောင်အထည်ဖော်ရာမှာတော့ စာရေးသူကိုယ့်တစ်ယောက်သည်ပင်လျှင် မအောင်မြင်သေးပေ။ ကြိုးစား၍ အကောင်အထည်ဖော်မည်လို့တော့ မိမိကိုယ်မိမိ ကတိပေးထားသည်။ ကတိတည်အောင်လည်း ကြိုးစားရပေဦးမည်။

ဤသို့ဆိုရာဝယ် ဒီမိုကရေစီစနစ်ကို လိုလားသော အပြောင်းအလဲတစ်ရပ်ကို လိုချင်သူတစ်ဦးသည်ပင်လျှင် ကိုယ်တိုင်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းကို တိတိကျကျလိုက်နာနေပြီလား၊ အကောင်အထည်ဖော်နေပြီလားဆိုသည်ကို မေးခွန်းထုတ်နေရပေဦးမည်။ အမည်ခံဒီမိုကရေစီကို ကိုင်စွဲပြီး ဒီမိုကရေစီကို လုပ်စားသူ၊ လွဲမှားစွာအသုံးချနေသူများအဖို့တော့ များစွာပြောင်းလဲရပေဦးမည်။ အမည်မခံသည့် ဝိဝါဒကွဲပြားနေသူများလည်း ရှိသည်ဖြစ်ရာ အကောင်းမြင်၊ အကောင်းတွေး၊ ကောင်းတာလုပ်မည့်သူကို ကူညီအားပေးတာ၊ မှားနေတာကို ဝေဖန်ထောက်ပြတာတွေကိုတော့ စေတနာမှန်မှန်နဲ့ လုပ်ပေးကြဖို့တိုက်တွန်းရပေဦးမည်။

မိမိကောင်းစားရေး၊ မိမိတစ်ဘဝကောင်းစားရေးအတွက်သာမကြည့်ဘဲ မိမိတို့၏ အနာဂတ်မျိုးဆက်များစွာအတွက်ပါ ကောင်းမွန်လှပသော အနာဂတ်ကို ဖန်တီးနိုင်ရန်မှာ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အများစုအတွက် အနှစ်ချုပ်ဆိုရသော် သီလငါးပါးကို လုံခြုံအောင်စောင့်စည်းပြီး ၃၈ ဖြာမင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်ဆောင်နေထိုင်ကြခြင်းဖြင့် ဒီမိုကရေစီစနစ်ကို ရေလောင်းပေါင်းသင်ရင်း လှပသော အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ကြပါရန် တိုက်တွန်းအပ်ပေသည်။ ။

> **ဒီမိုကရေစီစနစ်ကို လိုလားသော အပြောင်းအလဲတစ်ရပ်ကို လိုချင်သူတစ်ဦးသည်ပင်လျှင် ကိုယ်တိုင်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းကို တိတိကျကျလိုက်နာနေပြီလား၊ အကောင်အထည်ဖော်နေပြီလားဆိုသည်ကို မေးခွန်းထုတ်နေရပေဦးမည်။ အမည်ခံဒီမိုကရေစီကို ကိုင်စွဲပြီး ဒီမိုကရေစီကို လုပ်စားသူ၊ လွဲမှားစွာအသုံးချနေသူများအဖို့တော့ များစွာပြောင်းလဲရပေဦးမည်။ အမည်မခံသည့် ဝိဝါဒကွဲပြားနေသူများလည်း ရှိသည်ဖြစ်ရာ အကောင်းမြင်၊ အကောင်းတွေး၊ ကောင်းတာလုပ်မည့်သူကို ကူညီအားပေးတာ၊ မှားနေတာကို ဝေဖန်ထောက်ပြတာတွေကိုတော့ စေတနာမှန်မှန်နဲ့ လုပ်ပေးကြဖို့ တိုက်တွန်းရပေဦးမည်။**

## ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်

လူတိုင်းအစားအစာနှင့် အရာဝတ္ထုများကို မိမိလက်ဖြင့် နေ့စဉ်ကိုင်တွယ် စားသောက်အသုံးပြုသောကြောင့် လူတို့၏ လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ်ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါရောဂါ
- ပိုလီယိုရောဂါ
- သန်ကောင်ကြောင့်ဖြစ်ပွားသောရောဂါများ
- အရေပြားသန့်ရှင်းမှုမရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန်အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ်အသက်သာဆုံးနည်းလမ်းမှာ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြစ်သည်။

၂။ အစားအစာမကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေးကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက်ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်အောင် ဆေးကြောရန်လိုအပ်ပါသည်။

**သို့ဖြစ်ပါ၍ လူတိုင်းမိမိလက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင်စနစ်တကျဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



သီတင်းကျွတ်လပြည့်နေ့ မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ စည်ကားလျက်ရှိစဉ်။ ခင်မောင်ဝင်း (ကြေးမုံ)

**☆ သီတင်းကျွတ်လပြည့်နေ့မှ** ယနေ့နံနက်ပိုင်းမှစတင်၍ ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နံနက်အရုဏ်တွင် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးလာပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရားနာယူခြင်းနှင့် ရေစက်ချအမျှပေးဝေခြင်းတို့ကိုဆောင်ရွက်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ရောင်တော်ဖွင့်အသင်းတန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်ရှိ စောင်းတန်းဓမ္မာရုံများတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဆီမီးအလှူရှင်များက ရွှေတိဂုံစေတီတော်ရင်ပြင် ပတ်လည်တွင် ရောင်စုံဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

အလားတူ မဟာဝိဇယစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ အရုဏ်တက်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ရေချမ်း၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဘာသာရေးအသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် ဆီမီးအလှူရှင်များက စေတီတော်ရင်ပြင်ပတ်လည်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံများ၌ ဆရာတော်များထံမှ ဝါတွင်းသီလခံယူခြင်းပြုလုပ်ကြသည်။ ညပိုင်းတွင် ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက စေတီတော်အား ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ကြီး အောင်ဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့ကျင်းပခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်ခြင်းတို့ ပြုလုပ်ကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြပြီး ညပိုင်းတွင် စေတီတော်အား လျှပ်စစ်မီးရောင်စုံများဖြင့် ထွန်းညှိပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်သာသနာဇောတိက ဓမ္မာရုံ၌ နံနက် ၅ နာရီတွင် စေတီတော်အား မုန့်၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ စေတီတော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ၉ နာရီခွဲတွင် သီလပေးတရားချီးမြှင့်ခြင်း၊ မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်ခြင်း၊ မွန်းလွဲပိုင်းတွင် အကြိမ်(၄၀)မြောက် ပဝါရဏာပွဲကျင်းပခြင်းနှင့် ညပိုင်းတွင် ဆီမီး ၅၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်းတို့ ပြုလုပ်ကြသည်။

အလားတူ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်/ရပ်ကွက်အသီးသီးရှိ စေတီပုထိုး၊ ဓမ္မာရုံများ၊ လမ်းများ၌ စတုဒိသာကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲများ၊ သက်ကြီးဝါကြီး၊ ဆရာသမား၊ မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်များအား ပန်း၊သစ်သီး၊ဆီမီး၊ရေချမ်း၊ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြခြင်းဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

**ရီရီမြင့်၊ ဥမ္မာသန့်**



**သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်မှဝန်ထမ်းများ နေပြည်တော် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာရှိ အလိုတော်ပြည့်ဘုရား၌ ဓမ္မစကြာတရားဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြစဉ်။**
(နန္ဒ)



**အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ ဂန္ဓကုဋိကျောင်းတော်ကြီးတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နံနက် ၈ နာရီက(၂၂)ကြိမ်မြောက် နေ့ညအသံမစဲအဘိဓမ္မာ(၇)ကျမ်းတော်မြတ် ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ကျင်းပစဉ်။**
ဆုလှိုင်(IPRD)

# မြစ်သားမြို့ ပြက္ခရွှေတောင်တွင် မြန်မာ့ရိုးရာ ဒိုးပတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုများချီးမြှင့်

**မြစ်သား အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့အနီးရှိ ပြက္ခရွှေကြီးတွင် စတုတ္ထကြိမ်မြောက် မြန်မာ့ရိုးရာ ဒိုးပတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်း အနားကို ပြက္ခရွှေမောနား တောင်ကလပ်ဘုန်းတော်ကြီးကျောင်း ရင်ပြင်တွင် ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အဆိုပါပွဲတော်ကြီးကျင်းပသည့် ပြက္ခရွှေတောင်ပေါ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စွယ်တော်ရှင်ငါးဆူအနက် ပဥ္စမမြောက်စွယ်တော် တည်ရှိပြီး ပြက္ခရွှေမောနား တောင်ကလပ်ဘုန်းတော်ကြီး ကျောင်း ရင်ပြင်တွင် ကင်းတားဆည်ရေသောက် ကျေးရွာသူ ကျေးရွာသားများက ဆွမ်းလောင်းလှူပွဲ၊ မြန်မာ့ရိုးရာ ဒိုးပတ်နှင့် မြေဝိုင်းကပွဲများကို အစဉ်အလာမပျက် ကျင်းပမြဲဖြစ်ရာ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဒိုးပတ်နှင့် မြေဝိုင်းအကအသင်း ကိုးသင်းက ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဆန်ခါတင် ခြောက်သင်းကို ရွေးချယ်ကာ ထပ်မံယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဒိုးပတ်ပြိုင်ပွဲဝင ဆန်ခါတင်ခြောက်သင်းမှ သပြေတောင်းအုပ်စု မြင်းခြံကုန်းရွာမှ ပထမဆု၊ ဝမ်းတွင်းမြို့နယ် နဘဲကံကျေးရွာက ဒုတိယ၊ ကဆွန်ကျေးရွာက တတိယနှင့် အိမ်ရှေ့တောင်ကျေးရွာ၊ လက်ခုပ်ကုန်းကျေးရွာနှင့် ဆင်သည်ကျေးရွာများက နှစ်သိမ့်ဆုများ ဆွတ်ခူးရရှိခဲ့ပြီး အကဆုများကို ကဆွန်ကျေးရွာက ပထမ၊ ဆင်သည် ကျေးရွာက ဒုတိယနှင့် နဘဲကံကျေးရွာက တတိယဆုများ ရရှိကာဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီးနောက် ROYAL Myanmar Teamixက ဒိုးပတ်ဝိုင်း ပထမဆုကို ကျပ်တစ်သိန်း၊ ဒုတိယဆုကို ကျပ်သုံးသောင်း၊ တတိယဆုကို ကျပ်နှစ်သောင်း ထပ်မံချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးပူဇော်သူများနှင့် ကုသိုလ်ကောင်းမှုပြုသူများ စည်ကားများပြား



r&mrl urmausmr;n|i;orla"apwawmü olwi;ulwvjynae wil qir; 9000 jzil xe;nyaZmp0/ rsl;0i;xe;(r&m)



olwi;ulwvjynaewil armvlrilrl uslurqawmi;jyn a&v,lb&m; A'"yZel,yawmo te,e,lt&y&yr jynorm; tx;pnlum;rm;jym;pm vma&muz;ajrmup0/ lrle,(jye^qu)



{&m0wwi;a'olu; [omwirle,lewarmau;&m&l orii;0iwavm0aomil&ilomavmi;b&m;ut; wil atmulwbm 4 &ul n 7 em&u (23) lurajrmul qir;&paomi;av;axmil xe;nyaZmp0/
ausmausm(jye^qu)



&r;jyne,(ajrmulyii;)vm;½;irle,ltwii;&l ausmi;wulrm;r q&mawm olCmawmrm;\ y0j&Pm jyyEil qir;qepr;avmi;vlyul atmulwbm 5 &ul (olwi;ulwvjynae) re;vl 1 em&u vm;½;irl o&r*lvmreq&r;ausmi;wul c@olrü usi;yp0/
oay(uvw)



rejyne,la&;irle,l tpiljyau;&m repeawm&ausmi;ü atmulwbm 5 &ul (olwi;ulwvjynae) re;vl 1 em&u aq;ya'omyilavmi;vly usi;yp0/
x#x#(a&;)



aumaomi;lrlwil jrerm½;&molwi;ulw pw'lomeAmeap;tvlawmul atmulwbm 4 &ul naeyii;u yawmua&0j&yulul t0ii;yw trm;jynloem;aeaqmia&l vr;wpav(mulü usi;yp0/
ausmp;(aumaomi;)

# နှစ်စဉ် တိုးတက်လာတဲ့ ဓာတ်အားသုံးစွဲမှုအတွက် ဓာတ်အားပေးစက်ရုံသစ်များ တိုးချဲ့တည်ဆောက်သွားမည်

(ယမန်နေ့မှအဆက်)

**ဦးမောင်မောင်လတ်**
**ဥက္ကဋ္ဌ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)**

**မေး။ ။ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားမှုနဲ့ မီးသုံးစွဲမှုကို သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၅ မြို့နယ်မှာ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ၃၄ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၇၅၀၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၂၅၁၉ ရုံ တည်ဆောက်ထားရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လက်ရှိ ဓာတ်အားသုံးစွဲမှုမှာ ၁၃၅၁ မဂ္ဂါဝပ်ခန့်အထိရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်စဉ်ဓာတ်အားတိုးတက်သုံးစွဲမှုမှာ ပျမ်းမျှ ၁၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ လက်ရှိမီးသုံးသူ အိမ်ထောင်စုပေါင်း ၁ ဒသမ ၂ သန်းကျော် (၇၈ ရာခိုင်နှုန်း) ဓာတ်အားသုံးစွဲလျက်ရှိပါတယ်။ အရင်နှစ်ထက် မီးသုံးစွဲသူအိမ်ထောင်စု ၅ ရာခိုင်နှုန်း ပိုမိုတိုးတက်သုံးစွဲခဲ့ပါတယ်။ ဓာတ်အားသုံးစွဲသူအနေနဲ့ အိမ်သုံး ၅၀ ရာခိုင်နှုန်း၊ စက်မှုနဲ့စီးပွားရေးသုံး ၃၄ ရာခိုင်နှုန်း၊ လမ်းမီးနဲ့ အခြား ၁၆ ရာခိုင်နှုန်း ရှိပါတယ်။

**မေး။ ။ ရန်ကုန်မြို့ရဲ့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ ဗို့အားကျဆင်းခြင်း၊ မီးအားမနိုင်ခြင်း၊ ဓာတ်အား ပျောက်ဆုံးမှုတွေ ရှိနေတာနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ ။ ။ လက်ရှိသုံးစွဲနေတဲ့ ထရန်စဖော်မာတွေ ဝန်အားပြည့်နေတာ၊ ဓာတ်အားလိုင်းတွေ ရှည်လျားစွာ သွယ်တန်းထားတာ၊ ဓာတ်အားလိုင်းသုံးကြိုးမှာ ဝန်အားမျှတစွာသုံးစွဲမှုမရှိဘဲ ကြိုးတစ်ချောင်းထဲမှာ ပိုမိုစီးဆင်းနေရတာ၊ ဓာတ်အားလိုင်းကြိုးတွေ သတ်မှတ်ဝန်အားထက် ပိုမိုများပြားစွာ သယ်ယူဖြန့်ဖြူးနေရတာနဲ့ သစ်ပင်သစ်ကိုင်းတွေနဲ့ ဓာတ်အားလိုင်းကြိုးတွေ ရိုက်ခတ်မှုကြောင့် မီးခဏခဏ ပြတ်တောက်ရတာ ဖြစ်ပါတယ်။

**မေး။ ။ ဒီကိစ္စရပ်တွေကို ဘယ်လို တိုးတက်အောင် ဆောင်ရွက်ပေးနေတယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ဒီလိုကိစ္စတွေကို ထရန်စဖော်မာတွေ ထပ်မံတိုးချဲ့တပ်ဆင်ပါတယ်။ ဓာတ်အားလိုင်းကြိုးသစ်တွေ လဲလှယ်တပ်ဆင်ပေးပါတယ်။ ဓာတ်အားလိုင်းကြိုးတွေ ရှည်လျားစွာတည်ရှိနေမှုအတွက် ဓာတ်အားသုံးစွဲသူတွေကို အခြားထရန်စဖော်မာတွေမှာ ရွှေ့ပြောင်းပေးတာ လုပ်ပါတယ်။ နောက် သစ်ပင်သစ်ကိုင်း ရှင်းလင်းတာ၊ ရှုပ်ထွေးနေတဲ့ ဝါယာတွေ ရှင်းလင်းပေးတာ၊ ဓာတ်အားကျဆင်းတဲ့ နေရာတွေမှာ ထရန်စဖော်မာအသစ် တပ်ဆင်ပေးတာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဓာတ်အားပြတ်တောက်မှုကို အမြန်ဆုံး ဖြေရှင်းနိုင်ဖို့အတွက်လည်း Call Center တွေကို ရုံးချုပ်နဲ့ မြို့နယ်တွေမှာ ထားရှိပါတယ်။ ဓာတ်အားလိုင်းတွေကို ပြုပြင်နိုင်ဖို့အတွက် မြို့နယ်အသီးသီးမှာ သက်ဆိုင်ရာအဖွဲ့ သုံးဖွဲ့စီဖွဲ့စည်းထားရှိပြီး နေ့၊ ည တာဝန်ချထားပါတယ်။ လိုင်းအပြစ် ဖြစ်ပွားတဲ့နေရာကို သွားရောက်ပြီး အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ မန္တလေးတိုင်းဒေသကြီးရဲ့ လက်ရှိဓာတ်အား ဖြန့်ဖြူးမှုအခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ မန္တလေးတိုင်းဒေသကြီးအတွင်း ၃၄ မြို့ကို တာဝန်ယူဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ၆၆ ကေဗွီဓာတ်အားခွဲရုံ ၂၀ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၅၇၈ ရုံ၊ ၁၁ ကေဗွီဓာတ်အားခွဲရုံ ၇၆၇၂ ရုံ တည်ဆောက်ထားရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲတဲ့ အိမ်ထောင်စုပေါင်း ၆ သိန်း ၈ သောင်းခန့်ရှိတဲ့အတွက် အိမ်ထောင်စုပေါင်းရဲ့ ၆၃ ဒသမ ၈ ရာခိုင်နှုန်း ဓာတ်အားရရှိပြီး ဖြစ်ပါတယ်။ အရင်နှစ်ထက် မီးသုံးစွဲသူအိမ်ထောင်စု ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်သုံးစွဲခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးရဲ့ အများဆုံးဝန်အားက ၅၃၀ မဂ္ဂါဝပ်ခန့်ရှိပါတယ်။ တိုင်းဒေသကြီးအနေနဲ့ တစ်နှစ် ပျမ်းမျှ ၁၇ ရာခိုင်နှုန်းခန့် ဓာတ်အား တိုးတက်သုံးစွဲလျက်ရှိပါတယ်။ ဓာတ်အားသုံးစွဲသူအနေနဲ့ အိမ်သုံး ၄၈ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံး ၄၂ ရာခိုင်နှုန်း၊ လမ်းမီးနဲ့အခြား ၁၀ ရာခိုင်နှုန်း ရှိပါတယ်။



ဦးမောင်မောင်လတ် (ဥက္ကဋ္ဌ)

**မေး။ ။ လက်ရှိ မန္တလေးတိုင်းဒေသကြီးမှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် ဖြည့်ဆည်းဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ ။ ။ ဓာတ်အားပေးစက်ရုံတွေက ထွက်ရှိလာတဲ့ ဓာတ်အားတွေကို ၂၃၀ ကေဗွီ ဗို့အားမြင့်လိုင်းတွေက တစ်ဆင့် ဗို့အားနိမ့်ဓာတ်အားလိုင်းတွေနဲ့ အများပြည်သူနဲ့ စက်မှုသုံးလုပ်ငန်းမှာ အသုံးပြုနိုင်ဖို့ ဖြန့်ဖြူးပေးတာ၊ System Development Plan (ဗို့အားနိမ့်လိုင်းခွဲရုံတွေ တိုးတက်ဖြန့်ဖြူးနိုင်ဖို့ စီမံချက်ရေးဆွဲတာ)၊ System Improvement Plan (ဗို့အားနိမ့်လိုင်းတွေ ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေးစီမံချက်ရေးဆွဲတာ)၊ Operation and Maintenance (ဓာတ်အားစနစ်အတွင်းရှိ ဗို့အားနိမ့်လိုင်း၊ ခွဲရုံတွေကို ထိန်းသိမ်းပြုပြင်တာ)ဆောင်ရွက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ မီတာများဖတ်ရာမှာ အမှားအယွင်းတွေ ရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ ။ ။ ဟုတ်ပါတယ်။ မှားယွင်းမှုတွေ ရှိခဲ့ပါတယ်။ ဒီအတွက် ဆောင်ရွက်ပေးနေတာက ဒေါပုံမြို့နယ်မှာ AMR (Automatic Meter Reading) စနစ်ကို Pilot Project အဖြစ် စတင်အသုံးပြု ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ မီတာတွေ တပ်ဆင်ပြီးစီးတဲ့အတွက် အရင်လထက် ဓာတ်အားပျောက်ဆုံးမှု ၃ ရာခိုင်နှုန်းခန့် ကျဆင်းသွားပါတယ်။ မီးသုံးစွဲသူတွေအနေနဲ့လည်း မိမိတို့ရဲ့ဖုန်းနဲ့ပဲ သုံးစွဲမှုကို စစ်ဆေးနိုင်ပါတယ်။ စာရင်းဇယား ရေးသွင်းရာမှာ Human Error တွေ ပပျောက်စေနိုင်ပါတယ်။ Online စနစ်နဲ့ မီတာခ ပေးဆောင်နိုင်ပါတယ်။ ဓာတ်အားခကို ဌာနအနေနဲ့ အပြည့်အဝရရှိနိုင်ပါတယ်။ ဝန်ထမ်းအတွက် လွယ်ကူစွာဖတ်ရှုနိုင်ပြီး ဝန်ထမ်းအင်အား သက်သာစေပါတယ်။ ဝန်ဆောင်မှုစရိတ်တွေလည်း ကျဆင်းစေမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေဖို့ ဘယ်လိုဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ပြောပြပေးပါ။**

ဖြေ ။ ။ ပြည်သူတွေ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေဖို့ အတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေအပါအဝင် လူထုကို အသိပညာပေး ဟောပြောတာ၊ နံရံကပ်စာစောင်ကပ်တာ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာ၊ ရှုပ်ထွေးရှည်လျား ဆားဗစ်ကြိုးတွေရှင်းလင်းတာ၊ ဓာတ်အားလိုင်းနဲ့ မလွတ်ကင်းတဲ့ သစ်ပင်သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းတာ၊ ခွဲရုံနဲ့ ထရန်စဖော်မာဝင်းခြံ သန့်ရှင်းရေးဆောင်ရွက်တာတွေ ဆောင်ရွက်ပါတယ်။ ဒါ့အပြင် ဓာတ်အားလိုင်းတိုင် လဲလှယ်ပေးတာ၊ အချို့ သံတိုင်တွေမှာရှိတဲ့ ဆားဗစ်ကြိုးတွေမှာ အန္တရာယ်ကင်းရှင်းစေဖို့အတွက် Egg Insulator တွေ တပ်ဆင်တာ၊ ကောင်းကင်ဓာတ်အားလိုင်း Bridge Connection တွေ ပြုပြင်တာ၊ ထရန်စဖော်မာ ကြံ့ခိုင်မှုရှိစေရေးအတွက် ထရန်စဖော်မာတွေရဲ့ Earthing တွေ စစ်ဆေးတာ စတာတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်ဆိုင်ရာလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် စက်မှုကျွမ်းကျင် (EI လက်မှတ်) ရရှိမှသာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ လျှပ်စစ်အန္တရာယ် ကင်းရှင်းဖို့အတွက် ဌာနနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောလိုပါတယ်။



ဦးတင်မောင်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး)

**ဦးတင်မောင်ဦး**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

**မေး ။ ။ လက်ရှိ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး ပြောပြပေးစေချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့က ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး မပါဘဲ နေပြည်တော်အပါအဝင် ကျန် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ၁၆၃ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၈၃၇ ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၉၇၉၉ ရုံ တည်ဆောက်ထားရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လက်ရှိ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး နှစ်ခုမပါဝင်ဘဲ ကျန် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ဓာတ်အားသုံးစွဲမှုက ၁၁၉၃ မဂ္ဂါဝပ်ခန့်အထိရှိပြီး နှစ်စဉ် ဓာတ်အားတိုးတက်သုံးစွဲမှုက ပျမ်းမျှ ၁၅ ရာခိုင်နှုန်း ခန့်ရှိပါတယ်။ ဓာတ်အားစနစ်ကနေ ဖြန့်ဖြူးထားတဲ့ မြို့အနေနဲ့ ၂၅၈ မြို့၊ ဒီဇယ်၊ အသေးစားရေအားနဲ့ အခြားစနစ်နဲ့ ဖြန့်ဖြူးထားတဲ့မြို့က ၁၃၂ မြို့ ရှိပါတယ်။ ဓာတ်အားသုံးစွဲသူတွေအနေနဲ့ အိမ်သုံး ၆၃ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံး ၂၁ ရာခိုင်နှုန်း၊ လမ်းမီးနဲ့ အခြား ၁၆ ရာခိုင်နှုန်း ရှိပါတယ်။ မီးသုံးစွဲသူအိမ်ထောင်စု အရင်နှစ်ထက် ၄ ရာခိုင်နှုန်း ပိုမိုတိုးတက် သုံးစွဲခဲ့ပါတယ်။

**မေး။ ။ လက်ရှိမှာ တစ်နိုင်ငံလုံးမီးသုံးစွဲမှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ အိမ်ထောင်စုဦးရေ ၁၀ ဒသမ ၈၉ သန်းအနက် မီးသုံးစွဲသူ ၄ ဒသမ ၂၂ သန်းရရှိပြီး ၆ ဒသမ ၆၇ သန်းရရှိရန် လိုအပ်လျက်ရှိပါတယ်။

**မေး။ ။ ကျန်ရှိနေသေးတဲ့ ပြည်သူတွေ မီးရရှိဖို့အတွက် ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေတွေကိုလည်း သိလိုပါတယ်။**

ဖြေ ။ ။ မီးရရှိဖို့ကျန်ရှိတဲ့ ပြည်သူတွေအတွက် နိုင်ငံတော်ဘတ်ဂျက်၊ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် အတိုးနှုန်း သက်သာတဲ့ ချေးငွေတွေနဲ့စီစဉ်ပြီး ဓာတ်အားဖြန့်ဖြူးနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားပါမယ်။

**မေး။ ။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် ဆောင်ရွက်နေမှုကို ပြောပြပေးနိုင်မလား။**

ဖြေ ။ ။ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် ၂၀၁၅ ခုနှစ်ကနေစတင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်မှာ လက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကနေ ပထမအဆင့် နှစ်မိုင် အတွင်းမှာရှိတဲ့ ကျေးရွာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယအဆင့် နှစ်မိုင်နဲ့ ငါးမိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေ၊ တတိယအဆင့် ငါးမိုင်နဲ့ ၁၀ မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေနဲ့ စတုတ္ထအဆင့်မှာ ၁၀ မိုင်အထက် ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ အမျိုးသားလျှပ်စစ်စီမံကိန်းအရ သတ်မှတ်ထားတဲ့ မိုင်အတွင်းက မီးမရရှိသေးတဲ့ ကျေးရွာတွေအကုန်လုံးကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးသွားမှာလား (ဒါမှမဟုတ်) ရွေးချယ်ပေးသွားမှာလား သိချင်ပါတယ်။**

ဖြေ ။ ။ NEP Plan အရ အဆင့်လိုက်သတ်မှတ်ထားတဲ့ မိုင်အတွင်းမှာရှိတဲ့ မီးမရရှိသေးတဲ့ ကျေးရွာတွေအားလုံးကို ဓာတ်အားပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ လက်ရှိဆောင်ရွက်နေတဲ့အစီအစဉ်အရ မီးရရှိမယ့် ကျေးရွာနဲ့ အိမ်ထောင်စုဦးရေ သိနိုင်မလား။**

ဖြေ ။ ။ လက်ရှိအစီအစဉ်အရ ကျေးရွာ ၆၂၄၀ နဲ့ အိမ်ထောင်စု ၇ သိန်း ၅ သောင်းခန့် မီးရရှိမှာဖြစ်ပါတယ်။

**မေး။ ။ လက်ရှိ မီတာတွေ ပြောင်းလဲတပ်ဆင်နိုင်ဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်၊ ဒါနဲ့ပတ်သက်ပြီး သိရှိလိုပါတယ် ။**

ဖြေ ။ ။ ဌာနအနေနဲ့ အရင်က လျှပ်စစ်သံလိုက်နည်းနဲ့ မီတာလည်စေတဲ့ Analogue မီတာ တပ်ဆင်အသုံးပြုခဲ့ပါတယ်။ ဒီမီတာတွေက မီတာဖတ်ရာမှာ တိကျမှုအားနည်းတာ၊ ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားလေလွင့်မှု ဖြစ်ပေါ်တာ၊ နှစ်ကာလကြာမြင့်ရင် မီတာလည်ပတ်မှုနှေးတာ၊ ဝန်ထမ်းအမြောက်အမြားသုံးစွဲပြီး ဖတ်ရှုရတာတွေကြောင့် လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်မပြေမှု အားနည်းချက်တွေရှိပြီး ပြည်သူလူထုရဲ့ မကျေနပ်မှုတွေကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပိုမိုတိကျတဲ့ Digital OMR (Off-Site Meter Reading) မီတာလေးမျိုးနဲ့ ခွဲခြားပြောင်းလဲ တပ်ဆင်ပေးဖို့ စီစဉ်နေပါတယ်။ ၅(၃၀) အမ်ပီယာ (မျက်မြင်ဖတ်ရှုခြင်း)၊၅(၃၀) အမ်ပီယာ၊ ၁၀(၆၀) အမ်ပီယာ၊ ပါဝါမီတာ ၁၀(၈၀)အမ်ပီယာ (အဝေးထိန်းစနစ်ဖြင့် ဖတ်ရှုခြင်း)တွေ ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ မီတာလေးမျိုးအတွက် ကုန်ကျစရိတ်ကြီးမြင့်မှု ရှိ၊ မရှိ သိရှိလိုပါတယ်။**

ဖြေ ။ ။ ဒီမီတာ လေးမျိုးမှာ ၅(၃၀)အမ်ပီယာ (မျက်မြင်ဖတ်ရှုခြင်း) အမျိုးအစားက ဈေးနှုန်းချိုသာပြီး တန်ဖိုးကြီးမြင့်ခြင်းမရှိတဲ့အတွက် ကျေးရွာနေအိမ်ထောင်စုတွေ သုံးဖို့သင့်ပါတယ်။ ၅(၃၀)အမ်ပီယာ (အဝေးထိန်းစနစ်ဖြင့် ဖတ်ရှုခြင်း) အမျိုးအစားက ဈေးနှုန်းအသင့်အတင့်သာရှိပြီး ယူနစ်အမြောက်အမြားမသုံးစွဲတဲ့ အိမ်ထောင်စုတွေ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ၁၀(၆၀)အမ်ပီယာက ယူနစ်များများ သုံးစွဲမယ့် အိမ်ထောင်စုတွေအတွက်ဖြစ်ပြီး ၁၀(၈၀) အမ်ပီယာက စက်မှု/စီးပွားရေးမှာ သုံးစွဲနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ဒီလိုပြောင်းလဲတပ်ဆင်တဲ့အခါမှာ ရရှိမယ့် အကျိုးကျေးဇူးတွေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ဓာတ်အားပျောက်ဆုံးမှုသက်သာစေပါမယ်။ ဈေးနှုန်းသက်သာမှုရှိမယ်။ လျင်မြန်စွာ ဖတ်ရှုနိုင်မယ်။ Radio Frequency အသုံးပြုထားတဲ့ HHU(Remote Hand Hold Unit)နဲ့ အဝေးမှ ဖတ်ရှုနိုင်ပါမယ်။ ဝန်ထမ်းအင်အားမြောက်မြားစွာမလိုအပ်ပါဘူး။ မီတာဖတ်ရှုရာမှာ တိကျမှု အားကောင်းမယ် စတဲ့ အကျိုးကျေးဇူးတွေ ရရှိမှာ ဖြစ်ပါတယ်။

**မေး။ ။ မီတာလျှောက်တဲ့အခါ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး စီမံထားရှိမှုကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထု၊ ပုဂ္ဂလိကနဲ့ အဖွဲ့အစည်း အသီးသီးတို့က မီတာတွေ ကြန့်ကြာမှု မရှိစေဘဲ စနစ်တကျ မြန်ဆန်ကောင်းမွန်စွာ တပ်ဆင်ဆောင်ရွက်ပေးနေပါတယ်။ မီတာတပ်ရာမှာ မြေယာပိုင်ဆိုင်မှု အထောက်အထား၊ ဓာတ်အားရယူမယ့် လိုင်းနဲ့ ခွဲရုံမှ ဝန်အားနိုင်နင်းမှု ရှိ၊ မရှိကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာတွေက အမြန်စစ်ဆေးပြီး ကိုက်ညီမှုရှိရင် အိမ်သုံးမီတာကို တစ်ရက်အတွင်းနဲ့ (လုပ်ငန်းသုံး၊ စက်မှုသုံး) ပါဝါမီတာတွေကို ငါးရက်အတွင်း အပြီးတပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ပေးနေပါတယ်။

ဟုတ်ကဲ့။ အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

ဖိုးသက်

# ကင်းထောက်လုပ်ငန်းများ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြန်မာကင်းထောက် ဂီတပွဲတော်ကျင်းပရေး စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၅**

တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် ကင်းထောက်လုပ်ငန်းများ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် မြန်မာကင်းထောက် ဂီတပွဲတော် ကျင်းပရေး အစည်းအဝေးကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် ကင်းထောက် အစီအစဉ်မှူးချုပ် ဦးအေးကြိုင်တို့က လူငယ်ကျောင်းသားကျောင်းသူများ အများအကျိုးအတွက် အစဉ်အသင့်ဖြစ်စေရန်၊ မွန်မြတ်သောစိတ်ဓာတ်၊ အလေ့အကျင့်ကောင်းများရရှိစေရန် ၂၀၁၄ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် ကင်းထောက်လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များသာမက ရန်ကုန်တိုင်းဒေသကြီးကို စံနမူနာဖြင့် ကင်းထောက်မဖွဲ့စည်းရသေးသည့် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများတွင် အရည်အချင်း ပြည့်မီသည့် ကင်းထောက် မောင်မယ်များ ပေါ်ထွန်းရေးအတွက် ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှင့်အတူ ပါဝင်ကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက မဖွဲ့စည်းရသေးသည့် ကျောင်းများတွင် ကင်းထောက်အဖွဲ့အစည်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းရေး၊ ဖွဲ့စည်းပြီးသောကျောင်းများတွင် ကင်းထောက်လုပ်ငန်းများစနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာကင်းထောက်ဂီတပွဲတော်တွင် ကျောင်းသား ကျောင်းသူများ လေ့ကျင့်အသံသွင်းရေး၊ သရုပ်ဖော်မည့် တေးသီချင်းများ၊ ခရိုင်အလိုက်ပြသမည့် ကင်းထောက် အထိမ်းအမှတ်ပြခန်းများ၊ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




# အင်းစိန်အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သံဃာ့ဆေးရုံအဆောင်သစ် တိုးချဲ့ဆောက်လုပ်

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ လက်ရှိသံဃာ့ဆေးရုံအဆောက်အအုံသည် သံဃာတော်များအတွက် ခုတင်လုံလောက်မှုမရှိဘဲ သံဃာတော်များ ဆေးကုသမှုခံယူရာတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် (၁၆)ခုတင်ဆံ့ သံဃာ့ဆေးရုံသစ် အာရ်စီနှစ်ထပ် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အဆောက်အအုံအား အင်းစိန်ဆေးရုံကြီးဝင်းအတွင်း လက်ရှိခုတင်ရှစ်လုံးဆံ့ သံဃာ့ဆေးရုံအနီး၌ အဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန် အောက်တိုဘာ ၃ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ပန္နက်တင် အခမ်းအနားကျင်းပခဲ့သည်။

ထို့နောက် ဆရာတော်သံဃာတော်ကြီးများ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်၊ မတည်အလှူရှင် သမာဓိစတိုးဆိုင် မိသားစုနှင့် အလှူရှင်တို့က ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့ကြသည်။

**(ဉာဏ်ဟိန်း)**



## နိုင်ငံတော်မှလစဉ်ထောက်ပံ့ငွေ အိမ်တိုင်ရာရောက်လှူဒါန်း

**သီပေါ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ တောင်မြို့ရပ်ကွက်အသက် (၉၀) အထက် အဘိုးအဘွားများအား နိုင်ငံတော်မှ လစဉ်ထောက်ပံ့ငွေ လူမှုရေးပင်စင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုတို့စုပေါင်း၍ ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့်လှူဖွယ်ပစ္စည်းများကို အောက်တိုဘာ ၄ ရက်တွင် အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့လှူဒါန်းကြသည်။ **စိုင်း(သီပေါ)**

# မန္တလေးဈေးချိုတွင် လာမည့်နှစ်အတွင်း ဓာတ်လှေကားတစ်စင်း ထပ်မံတပ်ဆင်မည်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးမြို့ရှိ ဈေးချိုတော်တွင် လာမည့်နှစ်အတွင်း ဓာတ်လှေကားတစ်စင်း ထပ်မံတပ်ဆင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်ငွေလျာထားပြီးဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"လက်ရှိဈေးချိုမှာ ပျက်နေတဲ့ စက်လှေကားတွေကို ပြင်ပေးနေတယ်။ နောက်ပြီး မန္တလေးမြို့ဈေးတွေမှာရှိတဲ့ အများသုံးသန့်စင်ခန်းတွေကို ဒီနှစ်ဘတ်ဂျက်ထဲကနေ ရသလောက် ပြုပြင်ပေးနေတယ်။ နောက်လာမယ့် ဘတ်ဂျက်မှာလည်း ဆက်ပြီး ပြုပြင်ပေးဦးမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

ထို့အပြင် ပြည်သူများ လာရောက်ရောင်းဝယ်မှုများပြားသည့် ဈေးများတွင် အများသုံးသန့်စင်ခန်းများ ထပ်မံတိုးချဲ့ဆောက်လုပ် ပေးသွားမည်ဖြစ်ပြီး ဈေးချိုရှိသန့်စင်ခန်းများကိုလည်း လာမည့်ဘတ်ဂျက်တွင် ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် မန္တလေးမြို့ရှိ ဈေးများအတွင်း စားသုံးရန်မသင့်သည့်ဆိုးဆေးပါဝင်သော ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရန်အတွက် မန္တလေးမြို့တော်စည်ပင်မှ FDA နှင့် ပေါင်းစပ်၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ မှုစ်၊ ငါးပိ၊ လက်ဖက်စသည့်ကုန်ပစ္စည်းများတွင် အနည်းငယ် ကင်းစင်သွားသော်လည်း ရောင်းချနေသူများ တွေ့ရှိနေရခြင်းကြောင့် ဆိုးဆေးကင်းစင်ဆိုင်များအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားနိုင်ရေးနှင့် လိုက်နာမှုမရှိသည့်ဆိုင်များကိုလည်း တစ်လပိတ်သိမ်းသည်အထိ အရေးယူနိုင်ရန် FDA နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းဆွေးနွေးထားကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**



ကရင်ပြည်နယ် ဖာပွန်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ ကမမောင်းမြို့ ကျေးရွာအုပ်စုနှစ်ခုရှိ အခြေခံပညာကျောင်းများမှ အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၄၄၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စက်တင်ဘာနောက်ဆုံးပတ်က နေ့ချင်းပြီးအခမဲ့ ဆောင်ရွက်ပေးစဉ်။ **နေမျိုးလွင်(ဘားအံ)**

# အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်ပျိုးမြေဈေးနှုန်းကောင်းသော်လည်း ပြန်လည်ရောင်းချရန် မြေမရှိဖြစ်နေ

**အရာတော် အောက်တိုဘာ ၅**

အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်ပျိုးမြေများ ဈေးနှုန်းကောင်းမွန်သော်လည်း ပြန်လည်ရောင်းချရန် မြေမရှိဖြစ်နေကြောင်း အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"မြေဈေးတွေက လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က စပြီးတော့တက်တာပါ။ မြေအလွတ်တစ်ဧကကို ငွေကျပ်သိန်း ၃၀ ကနေ ကျပ်သိန်း ၄၀ အထိ ပေါက်တယ်။ သနပ်ခါးပင်စိုက်ပျိုးပြီး ဈေးနှုန်းမြင့်ဝယ်သူသာများနေတာ ရောင်းဖို့မြေက မရှိတော့ဘူး။ သနပ်ခါးဈေးကွက်က ကောင်းလာပြီး စိုက်ပျိုးတဲ့သူတွေများလာတဲ့အတွက် မြေဈေးတက်တာ၊ အရင်ကတောမြေဆိုရင် တစ်ဧကကိုငွေကျပ် ငါးသိန်း၊ ရွာနားနီးရင်တော့ ကျပ် ၁၀သိန်းလောက်ပဲ ဈေးရှိခဲ့တာ။ အခုတော့ ဈေးတက်နေပြီ" ဟု အရာတော်မြို့နယ် ဇီးပင်လယ်ကျေးရွာမှ သနပ်ခါးစိုက်တောင်သူတစ်ဦးက ပြောသည်။

သနပ်ခါးစိုက်ပျိုးရာတွင် တစ်ဧကလျှင်အပင်ရေ ၅၀၀ မှ ၇၀၀အထိ စိုက်ပျိုးကြပြီး ကုန်ကျငွေအဖြစ် ငွေကျပ် သုံးသိန်းမှ ငါးသိန်းခန့်အထိ ကုန်ကျကာ ခုနစ်နှစ်သားမှ ၁၀ နှစ်သားအကြာတွင် ကျပ်သိန်း ၁၀၀ ခန့်အထိ ဝင်ငွေရရှိသဖြင့် စိုက်ပျိုးသူများလာကာ မြေဈေးနှုန်းများမြင့်တက်လာပြီး ပြန်လည်ရောင်းချရန် မရှိဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



# ဖျာပုံမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**ဖျာပုံ အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အလက(ခွဲ)မှော်ဘီကျေးရွာ၌ အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဂါရဝပစ္စည်းများပေးအပ်သည်။

ထို့နောက် ဆရာကြီး ဦးကျော်လင်း၊ ဆရာမကြီး ဒေါ်သန်းသန်းဝင်း၊ လ(ခွဲ)ကျောင်းအုပ်ဆရာ ဦးသန်းဝင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မင်းထွန်း၊ စာရေးဆရာကြီး ဦးသန်းထွန်းဦးနှင့် သတင်းထောက်/စာရေးဆရာ သပြေထွန်းတို့က ကမ္ဘာ့ဆရာများနေ့ဆိုင်ရာများ ဟောပြော၍ ကျောင်းသားကျောင်းသူများက 'စည်းလုံးချင်းအတွက်သီချင်းတစ်ပုဒ်' တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**(ဝ၈၆)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းနှင့် မိုင်းများသိမ်းဆည်းရမိ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**
တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ သိုဝှက်ထားသည့် လက်နက်၊ ခဲယမ်းနှင့် မိုင်းများရှိကြောင်း တာဝန်သိသူတစ်ဦး၏ သတင်းပေးပို့ချက်အရ သဝန်ချောင်းကျေးရွာအနီး ပတ်ဝန်းကျင်တစ်ဝိုက် သွားရောက်ရှာဖွေခဲ့ရာ လက်နက်၊ ခဲယမ်းနှင့် မိုင်းများ သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သဝန်ချောင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာ၊ မေယု တောင်ခြေ ချုံအတွင်းမှ ၁၂ ဗို့ ပြောင်းချောသေနတ် တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ အလျား ရှစ်လက်မ၊ အချင်း ငါးလက်မခန့်ရှိ လက်လုပ်ဆွဲမိုင်း နှစ်လုံး၊ အလျား ၁၀ လက်မ၊ အချင်း နှစ်လက်မခန့်ရှိ အဝေးထိန်းစနစ် လက်လုပ်မိုင်းနှစ်လုံး၊ အလျား ကိုးလက်မ၊ အချင်း နှစ်လက်မခန့်ရှိ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ် လက်ပစ်ဗုံး သုံးလုံး၊ လက်ပစ်ဗုံး တစ်လုံး၊ NF 11/63 mm Cs Smoke Grenade စာတန်းပါငွေရောင်မီးခိုးဗုံး တစ်လုံး၊ အလျား ၁၁ လက်မ၊ အချင်း တစ်လက်မခွဲခန့်ရှိ မီးကျည် နှစ်ချောင်း၊ အလျား ခြောက်လက်မခွဲ၊ အချင်း တစ်လက်မ ခန့်ရှိ မီးကျည်နှစ်ချောင်း၊ လက်လုပ်မိုင်းခွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်း သော့ချိတ် ကိုးခု၊ New Leader စာတန်းပါ ဓာတ်ခဲနှစ်လုံး၊ အလျား သုံးလက်မ၊ အနံ နှစ်လက်မ၊ ဒု တစ်လက်မရှိ ဝိုင်ယာကြိုးများဖြင့် သွယ်တန်းထားသော ကြားခံပစ္စည်းတစ်ခုတို့အား ရှာဖွေသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မောင်တောအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်မှ မသင်္ကာသူများ ရောက်ရှိနေကြောင်း သတင်းပေးချက်အရ မြို့မကညင်တန်းအုပ်စုအတွင်း သွားရောက်ရှာဖွေခဲ့ရာ မာမတ်အာယာစ်(၂၃)နှစ်အား အရိုးအသွား တစ်ပေခွဲခန့်ရှိ စတီးဓား တစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# အမြန်လမ်းတွင် ဘုရားဖူးယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တိမ်းမှောက်၊ ရှစ်ဦးဒဏ်ရာရ

**လှည်းကူး အောက်တိုဘာ ၅**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ဘုရားဖူးခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တစ်စီးတို့တိမ်းမှောက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက လှည်းကူးမြို့နယ် အမှတ်(၃)အမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၁၆/၀)နှင့်(၁၆/၁)အကြားတွင် ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း သန်းနိုင်မောင်းနှင်လာသော ဘုရားဖူးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကိုကာရံထားသော အလူမီနီယံတန်းများကို တိုက်မိပြီးနောက် လမ်းမပေါ်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါရှိသူ ၂၇ ဦးအနက် အမျိုးသား သုံးဦး အမျိုးသမီး ရှစ်ဦးမှာ ပြင်းထန်ထိခိုက်ဒဏ်ရာများရရှိကာ လှည်းကူးတိုက်နယ်ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီတွင် မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်(၁၀၄/၁)နှင့် (၁၀၄/၂)အကြားတွင် နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းဟန်ဝင်း မောင်းနှင်လာသောယာဉ်မှာ လမ်းလယ်ကပ်တုံးများ တိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါရှိသူ လေးဦးစလုံး ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

ဖြစ်စဉ်များနှင့်ပတ်သက်၍ အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းနှင့် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းတို့က အရေးယူထားကြောင်း သိရသည်။
**ဖြိုးကိုလင်း(ညောင်ပိုင်း)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၃၀၊ သွင်းကုန် ၃၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၈၄၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် နှစ်သန်းခန့်) စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၈၄၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၄ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Nissan ၁၂ ဘီးယာဉ်နှစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း ငါးမျိုး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၈၄၀ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**
အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ၁ ရက်မှ ၇ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အတွင်း မြန်မာတစ်ပြည်လုံးမှ ဆုတ်ခွာသွားနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**
ဧရာဝတီမြစ်ရေသည် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေမှ သုံးပေခန့် မြင့်တက်လာနိုင်ပြီး အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် ကျဆင်းလာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ဘိန်းစိမ်း၊ အိုက်စ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၅**
ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် ညနေ ၄ နာရီခွဲက ဘားအံမြို့ ဘားအံ-လှိုင်းဘွဲ့ကားလမ်း မြို့ဝင်ကြေးကောက်ခံသည့်ဂိတ်အနီးတွင် မျိုးဇော်ဝင်း(ခ)ကလေးငယ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံ CITY MART ဘေးလမ်းကြားတွင် နေထက်လင်း(ခ)တရုတ်ကြီးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိပြီး ညနေ ၆ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၁၂)ရပ်ကွက် ကာယသုခလမ်းရှိ ၎င်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့် အိုက်စ် သုည ဒသမ ၄၅ ဂရမ်တို့ကို ထပ်မံ သိမ်းဆည်းရမိသည်။

ထို့အတူ အောက်တိုဘာ ၃ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာ ပြည်သူ့စစ်စခန်းရှေ့တွင် လော်ကျူးမောင်းနှင်ပြီး လီဂျာလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ နှင့် ဘိန်းစိမ်း ၁၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။ **(သတင်းစဉ်)**



**နေထက်လင်း(ခ)တရုတ်ကြီးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**



# ဒရက်ဇ်လာနှင့် ဆန်းချက်ဇ်ကို အလဲအထပ်လုပ်ရန် ဝင်းဂါး ဆန္ဒရှိနေ

အာဆင်နယ်နည်းပြ ဝင်းဂါးက ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး ရက်ဇ်လာကို ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ခေါ်ယူနိုင်ရန် ဆန်းချက်ဇ်ကို အလဲအထပ်သဘောဖြင့် အသုံးပြုရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်မှာ လာမည့်နွေရာသီတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အာဆင်နယ်၏ စာချုပ်သစ် အကြိမ်ကြိမ်ကမ်းလှမ်းမှုများကို ငြင်းပယ်ထားခဲ့သူဖြစ်ရာ ဝင်းဂါးက ဒရက်ဇ်လာကို အမ်းမရိတ်စ်သို့ ခေါ်ယူနိုင်ရေးအတွက် ဆန်းချက်ဇ်ကို အသုံးပြုရန် စီစဉ်လာခြင်းဖြစ်သည်။

ဝင်းဂါးက ပီအက်စ်ဂျီအသင်းသို့ဆက်သွယ်ကာ ဒရက်ဇ်လာနှင့်ဆန်းချက်ဇ် အလဲအထပ်ပြုလုပ်မည်လား မေးမြန်းခဲ့ကြောင်း ဒေးလီးစတားက ဖော်ပြခဲ့သည်။ ဒရက်ဇ်လာမှာ ပြီးခဲ့သည့် ဇန်နဝါရီလကမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သော်လည်း နေမာ၊ မက်ပီတို့ ရောက်ရှိလာခြင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေရာ အာဆင်နယ်၏ ကမ်းလှမ်းမှုကို လက်ခံလိမ့်မည်ဟု ဝင်းဂါးက မျှော်လင့်နေခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ် ဆန်းချက်ဇ်မှာလည်း မန်စီးတီးသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းမှုရပ်ဆိုင်းခဲ့ပြီးနောက် အာဆင်နယ်အသင်းဖော်များနှင့်ပါ အဆင်မပြေဖြစ်ခဲ့ရာ နည်းပြဝင်းဂါးက ဆန်းချက်ဇ်ကို အသုံးပြုပြီး အစားထိုးနိုင်မည့် တိုက်စစ်မှူးတစ်ဦး ပြန်လည်ခေါ်ယူခြင်းကသာ အကောင်းဆုံးနည်းလမ်းအဖြစ် ယူဆနေခြင်းဖြစ်သည်။ ဆန်းချက်ဇ်မှာ ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကျဆင်းနေပြီး ခုနစ်ပွဲတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်သာ ပြုလုပ်ထားနိုင်သည်။ ဝင်းဂါးက အစောပိုင်းတွင် နေမာနှင့်မသင့်မမြတ်ဖြစ်ခဲ့သည့် တိုက်စစ်မှူး ကာဗာနီကိုခေါ်ယူရန် ဆန္ဒရှိခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက အင်အားပိုလျှံနေသည့် တောင်ပံတိုက်စစ် ကစားသမားတစ်ဦးကိုသာ ထွက်ခွာခွင့်ပေးလိုခြင်းကြောင့် ဒရက်ဇ်လာဘက် မြားဦးလှည့်လာခြင်းဖြစ်သည်။

# တိုက်စစ်မှူး ဖြစ်လာရခြင်းအကြောင်းကို ဖွင့်ဟလိုက်တဲ့ လာကာဇက်

အာဆင်နယ်တိုက်စစ်မှူး လာကာဇက်က သူဟာ သူ့မိခင်ရဲ့ဆန္ဒအရ ဂိုးသမားမဖြစ်လာခဲ့ဘဲ တိုက်စစ်မှူး ဖြစ်လာရတာလို့ ဖွင့်ချလိုက်ပါတယ်။ လာကာဇက်က သူဟာ ငယ်ငယ်က ဂိုးသမားအဖြစ် ကစားရတာကို ကြိုက်နှစ်သက်သူဖြစ်ပေမယ့် မိခင်ဖြစ်သူက ဂိုးသမားတစ်ဦးဟာ အန္တရာယ်များတယ်လို့ ယူဆတာကြောင့် တိုက်စစ်( ဒါမှမဟုတ်) အခြားနေရာမှာ ကစားရဖို့ တိုက်တွန်းခဲ့တယ်လို့ ဆိုပါတယ်။

လာကာဇက်က ပြီးခဲ့တဲ့ ဘောလုံးရာသီအတွင်း လိုင်ယွန်အတွက် ပြိုင်ပွဲစုံ ၃၇ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဒီလိုမျိုး အလားတူ လုပ်ဆောင်ပြနိုင်ဖို့ အာဆင်နယ် ပရိသတ်တွေက မျှော်လင့်နေကြတာပါ။ လာကာဇက်က ပရီမီယာလိဂ်ဟာ ကြံ့ခိုင်မှု အသားပေးတဲ့လိဂ်ဖြစ်ပြီး အခုအချိန်မှာ ပရီမီယာလိဂ်မှာ ဘယ်လိုကစားရမယ်ဆိုတာ ပိုပြီး နားလည်လာရပြီလို့ ဆိုပါတယ်။ ဒါ့အပြင် လာကာဇက်က ပြီးခဲ့တဲ့နွေရာသီအတွင်း ပီအက်စ်ဂျီအသင်းနဲ့ ဆွေးနွေးမှုတွေ လုပ်ခဲ့ပေမယ့် ပြင်သစ်လိဂ်မှာ လိုင်ယွန်ကလွဲပြီး ကျန်တဲ့အသင်းအတွက် ကစားပေးဖို့ဆန္ဒမရှိတာကြောင့် အာဆင်နယ်ကိုသာ ရွေးချယ်ခဲ့တာလို့ ဖွင့်ဟခဲ့ပါတယ်။



# ဘိုင်ယန်အတွက် ဂျက်ပ်ဟေးနက်စ် ပြန်လာခဲ့ပြီ

ဘိုင်ယန်အသင်းသည် နည်းပြဟောင်း ဂျက်ပ်ဟေးနက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းကို ကြေညာမည်ဖြစ်ပြီး ဂျက်ပ်ဟေးနက်စ်မှာလည်း ဘိုင်ယန်မြူးနစ်အတွက် နည်းပြလောကသို့ တစ်ကျော့ပြန် ဝင်ရောက်လာမည်ဖြစ်သည်။ ဟေးနက်စ်သည် ၂၀၁၃ ခုနှစ် ဘိုင်ယန်ကို ဖလားသုံးလုံးရရှိအောင် ကူညီပေးခဲ့ပြီးနောက် နည်းပြဘဝမှ အနားယူခဲ့ပြီး လက်ရှိတွင် အသက်(၇၂)နှစ်ရှိခဲ့ပြီဖြစ်သည်။

ဂျာမန်သတင်းစာ Bild ၏ ဖော်ပြချက်အရ ဘိုင်ယန်တာဝန်ရှိသူများက ဟေးနက်စ်ကို ဆွဲဆောင်စည်းရုံးနိုင်ခဲ့ပြီးနောက် ရာသီကုန်တွင် နည်းပြသစ်အဖြစ် ခန့်အပ်သွားမည်ဟုဆိုသည်။ ဘိုင်ယန်မြူးနစ်သည် နည်းပြ အန်စလော့တီကို ထုတ်ပယ်ပြီးနောက် လက်ထောက်နည်းပြ ဆန်ညောကို ကာလရှည် ကိုင်တွယ်ရန် ခန့်အပ်တာဝန်ပေးခဲ့သော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်က ဟာသာဘာလင်နှင့် သရေရလဒ်ထွက်ပေါ်ခဲ့အပြီး ဆန်ညောနေရာတွင် အရည်အသွေးရှိ နည်းပြတစ်ဦးကို အလျင်အမြန်အစားထိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်ဥက္ကဌ အူလီဟိုနက်စ်နှင့် ဂွါဒီယိုလာတို့ မြူးနစ်မြို့ရှိ စားသောက်ဆိုင်တစ်ခုတွင် တွေ့ကြပြီးနောက် ယင်းမှာ ဘိုင်ယန်အနာဂတ်နည်းပြ ခန့်အပ်ရေးတွင် ဘိုင်ယန်အသင်းက ဂွါဒီယိုလာနှင့် ဆွေးနွေးတိုင်ပင်ခဲ့ခြင်းဖြစ်သည်ဟူသော သတင်းများထွက်လာခဲ့သည်။ ဂွါဒီယိုလာက ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်၊ ဒေါ့မွန်နည်းပြဟောင်း တူချယ်လ်နှင့် ဟော့ဖန်ဟိမ်းနည်းပြ နေဂဲလ်မန်းတို့ကို အကြံပြုခဲ့သော်လည်း ဘိုင်ယန်တာဝန်ရှိသူများက နည်းပြဟောင်း ဟေးနက်စ်ကိုသာ ခန့်အပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



## မန်ယူသို့ မပြောင်းရွှေ့ဘဲ ရီးယဲလ်မက်ဒရစ်ကို ပြောင်းရွှေ့ခဲ့ခြင်းက မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်ခဲ့ဟု တိုနီခရူးစ်ဆို

ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ တိုနီခရူးစ်သည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားအပြီးတွင် ဘိုင်ယန်မြူးနစ်မှ ရီးယဲလ်သို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားတစ်ဦးဖြစ်လာခဲ့ခြင်းဖြစ်သည်။

တိုနီခရူးစ်က ၂၀၁၄ ခုနှစ်တွင် ပရီမီယာလိဂ်ကလပ် မန်ယူမှ သူ့အား အရင်ချိက်ဆက်ခဲ့သော်လည်း ရီးယဲလ်မှ ဆက်သွယ်လာသည်နှင့် မန်ယူ၏ ကမ်းလှမ်းမှုကို ငြင်းပယ်ကာ ရီးယဲလ်ကို ရွေးချယ်ခဲ့ခြင်းမှာ မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်ခဲ့ကြောင်း ဖွင့်ဟခဲ့သည်။

တိုနီခရူးစ်က “ အသင်းပြောင်းခဲ့တဲ့ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်က မှန်ကန်ခဲ့တယ်။ နိုင်ငံရပ်ခြားက ထိပ်တန်းကလပ်အသင်းတစ်ခုကို ပြောင်းရွှေ့ဖို့ စဉ်းစားတဲ့နေရာမှာ ခင်ဗျားရဲ့ တိုးတက်မှုအတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်ဖြစ်ရပါမယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

အန်စလော့တီက သူ့အား မက်ဒရစ်အတွက် အလိုရှိခဲ့ပြီး နည်းပြ ဇီဒန်းက အရာအားလုံးကို ပေးခဲ့သူဖြစ်ကြောင်းလည်း ဆိုခဲ့သည်။ ခရူးစ်က ဇီဒန်းဟာ သူ့ကို ယုံကြည်ပေးခဲ့သူဖြစ်ပြီး အရေးကြီးပွဲတိုင်းတွင် ပါဝင်ခွင့်ရအောင် အစီအစဉ်ချမှတ်ထားလေ့ရှိကြောင်းလည်း ပြောကြားခဲ့သည်။

မေလဲ့သင်း
ရေးသားသည်

# ခြေစွမ်းပြနိုင်တဲ့ ဟယ်ရီကိန်းရဲ့ လျှို့ဝှက်ချက်

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ သွင်းဂိုး ၁၃ဂိုးအထိ သွင်းယူထားနိုင်သလို လတ်တလော ဥရောပရဲ့ တစ်ပွဲပျမ်းမျှ သွင်းဂိုးအများဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်နေပါတယ်။ ဒီအတွက် ချီးကျူးမှုတွေ အလွန်အမင်းရရှိနေသလို ဟယ်ရီကိန်းတစ်ယောက် ကန်သမျှပွဲတိုင်း တစ်ပွဲကို နှစ်ဂိုး(ဒါမှမဟုတ်) သုံးဂိုးသွင်းယူနိုင်တဲ့ကိစ္စရပ်ကို မီဒီယာတွေက နေ့စဉ်မရိုးနိုင်အောင် ဖော်ပြနေကြပါတယ်။ ခုတော့ ဟယ်ရီကိန်းက သူ့ရဲ့အောင်မြင်ခြင်းနောက်ကွယ်က အကြောင်းတရားကို ဖွင့်ချလိုက်ပါတယ်။

ဟယ်ရီကိန်းက သူနဲ့ သူ့လက်တွဲဖော်တို့ဟာ တစ်ယောက်တစ်လှည့် ဟင်းချက်ကြရပြီး နှစ်ဦးစလုံးဟာ ဒီအတွက် ပျင်းရိငြီးငွေ့လာကြသလို ကလေးအတွက် ပိုမို အချိန်ပေးဖို့ လိုအပ်တာကြောင့် စားဖိုမှူးတစ်ဦးကို ငှားရမ်းခဲ့ကြတယ်လို့ အစချီပြီး ရှင်းပြပါတယ်။

ဟယ်ရီကိန်းက“ ကျွန်တော် မှန်ကန်တဲ့ အစားအစာကို အချိန်မှန်စားဖြစ်အောင် ဆောင်ရွက်ပေးတဲ့ စားဖိုမှူးတစ်ဦးရှိပါတယ်။ အလုပ်လုပ်လို့ ကောင်းမယ့် အစားအသောက်အစီအစဉ်တွေ ကျွန်တော်တို့ထားရှိကြပါတယ်။ ကျွန်တော်က ငါးအကြီးကြီးတွေ စားရတာ ကြိုက်တဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူက ကျွန်တော် ဒါတွေကို စားချင်လာအောင် ပြင်ဆင်ပေးပါတယ်။ အသုံးပြုတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေက ကျွန်တော့်ကို ဒါတွေ စားချင်လာအောင် ဖန်တီးပေးနိုင်ခဲ့ပါတယ်” လို့ ဖွင့်ဟခဲ့ပါတယ်။

ဟယ်ရီကိန်းကတော့ သူ့ရဲ့စားသောက်မှုပုံစံပြောင်းလဲခြင်းက အခုလို ခြေစွမ်းပြနိုင်ခြင်းရဲ့ နောက်ကွယ်က အကြောင်းတရားလို့ ဆိုခဲ့တာပါ။ အားကစားသတင်းသုံးသပ်သူ နေးလ်အက်ရှ်တန်ကတော့ ဟယ်ရီကိန်းဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်ဖို့အထိ ရည်မှန်းနေပြီး သူ့ရဲ့ လေ့ကျင့်မှုပုံစံဟာ စီရိုနယ်လ်ဒိုလို အပြင်းအထန်လေ့ကျင့်တတ်သူဖြစ်တယ်လို့ မှတ်ချက်ချပါတယ်။ စီရိုနယ်လ်ဒိုကတော့ သူ့ရဲ့ အကောင်းဆုံးပုံစံကိုရရှိဖို့ လေ့ကျင့်မှုတွေ အပြင်းအထန်ပြုလုပ်လေ့ရှိသလို အစားအသောက်အနေအထိုင်အပြင် အိပ်စက်မှုပုံစံကိုပါ သက်ဆိုင်ရာ ပညာရှင်တွေနဲ့တိုင်ပင်ပြီး ကျကျနန စီစဉ်ထားသူဖြစ်ပါတယ်။

# ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မှ သန့်ရှင်းရေးဝန်ထမ်း ရွှေတုံးနှစ်တုံး တွေ့ရှိသဖြင့် ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၅**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မှ သန့်ရှင်းရေးဝန်ထမ်း ဦးသက်နိုင်ဦးသည် ရွှေတုံးနှစ်တုံး တွေ့ရှိသဖြင့် ပိုင်ရှင်ဖြစ်သူထံ အောက်တိုဘာ ၃ ရက် ည ၇ နာရီတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရုံးအဖွဲ့မှူး ဦးကျော်နိုင်ထွန်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ အစ်မတော် မြနန်းနွယ်ကျောင်းဆောင်၌ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ပိုင်ရှင်ဖြစ်သူ ဒေါ်စပယ်ဖြူသည် အစ်မတော် မြနန်းနွယ်တွင် ပူဇော်ကန်တော့သည့် ကန်တော့ပွဲထဲ၌ အလေးချိန် ၂၀ ကျပ်သားရှိသော ရွှေတုံးနှစ်တုံးအားထည့်သွင်း၍ ကပ်လှူပူဇော်ခဲ့ပြီး ပြန်ယူရန်မေ့ကျန်ခဲ့သည်။

ပိုင်ရှင် ဒေါ်စပယ်ဖြူသည် ညနေပိုင်းတွင် ရွှေတုံးနှစ်တုံးကို ပြန်လည်သတိရပြီး ည ၇ နာရီတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သို့ လာရောက်စုံစမ်းမေးမြန်းရာ စေတီတော်သန့်ရှင်းရေးဝန်ထမ်း ဦးသက်နိုင်ဦးက ကန်တော့ပွဲများ ရှင်းလင်းရာတွင် ၎င်းရွှေတုံးနှစ်တုံးကို တွေ့ရှိသဖြင့် ဂေါပကအဖွဲ့ထံ အပ်နှံထားခဲ့ကြောင်း၊ ဂေါပကအဖွဲ့မှတစ်ဆင့် ပိုင်ရှင် ဒေါ်စပယ်ဖြူထံ ၎င်းရွှေတုံးနှစ်တုံးကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒေါ်စပယ်ဖြူက စေတီတော်သန့်ရှင်းရေးဝန်ထမ်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းပေးအပ်ခဲ့ပြီး စေတီတော်မြတ်ကြီးအား တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံးကို ဘောက်ချာဖြတ်ပိုင်းနှင့်အတူ ကပ်လှူပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့မှ ၎င်းစေတီတော်သန့်ရှင်းရေး ဝန်ထမ်းကို အောက်တိုဘာ ၉ ရက်တွင် ဂုဏ်ပြုအခမ်းအနား ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကိုကိုဇော်)**

# ကျောက်ကြီးမြို့နယ်၌ ကုသိုလ်ဖြစ်ပန်းကန်တော့(ပဝါရဏာ) သိမ်ဝင်ပန်းလှူဒါန်း

**ကျောက်ကြီး အောက်တိုဘာ ၅**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအနေဖြင့် နေ့ထူးနေ့မြတ်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့အခါသမယတွင် မြတ်ဗုဒ္ဓဘုရားရှင်အားရည်စူး၍ ကောင်းမှုကုသိုလ်ပွဲများ ကျင်းပလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း အစဉ်အလာမပျက် မြို့နယ်လုံးကျွတ်မှ သံဃာတော်အရှင်သူမြတ်များအား ပဝါရဏာသိမ်ဝင်ပန်းလှူဒါန်းပွဲကို သိန်းတန်ကုန်းရပ်ကွက်ရှိ ပရိယတ္တိစာသင်တိုက်၌ ယနေ့နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။ ကြွရောက်လာကြသော သံဃာတော် ၂၂၅ ပါးအတွက် မြို့သူမြို့သားများနှင့်ဒေသအနှံ့အပြားမှလာရောက်ကြသည့် စေတနာရှင်များ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ကျောက်ကြီးမြို့နေ ဒေသခံအလှူရှင်တစ်ဦးက ပြောကြားသည်။

"သပြေ၊ စိန်ခြယ်ပန်း၊ ရွက်လှပန်း၊ ကြယ်ပန်း၊ ဂန္ဓမာပန်းတို့ပါဝင်ပြီး ကျွန်တော်တို့မိသားစု ပန်းကန်တော့ထိုးလှူဒါန်းခဲ့တာ နှစ်ပေါင်းမနည်း တော့ပါဘူး"ဟု အလှူရှင် ဦးတင်ဌေးက ပြောသည်။ လှူဒါန်းခဲ့သည်မှာ မိဘဘိုးဘွားလက်ထက်ကတည်းက နှစ်ပေါင်း ၁၀၀ ကျော်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပြီး ယခုပဝါရဏာသိမ်ဝင်ပန်းသည် ဝါဆိုသံဃာတော်များအတွက် မရှိမဖြစ် အဓိကပါဝင်ရမည့်ပန်းလည်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ■ မြန်မာ့လက်ရွေးစင်အသင်းမှ

ကာကွယ်နိုင်ခဲ့သည်။ ၃၁ မိနစ်တွင် ထိုင်းအသင်း ဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူးဒန်ဒါက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းပြီးခါနီးတွင် ဒွေးကိုကိုချစ်အစား ဇင်မင်းထွန်း၊ ဒုတိယပိုင်းအစတွင် ကျော်ဇင်လွင်အစား မျိုးကိုထွန်းတို့ ထည့်သွင်းကစားခဲ့သည်။ ၄၉ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဇင်မင်းထွန်း ဖန်တီးပေးသော ဘောလုံးကို အောင်သူက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ချေပဂိုးထပ်ရရန် ကြိုးပမ်းလာသော်လည်း ထိုင်းအသင်းက အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။ ၇၇ မိနစ်တွင် ထိုင်းအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး သစ်တီဖန်က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်းမှ တိုက်စစ်မှူး အောင်သူ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

မြန်မာအသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်(၄)အဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်)**

# လူတစ်ဦး တောဆင်ရိုင်းတစ်ကောင်နှင့်တွေ့ကြုံ၍ ထွက်ပြေးခဲ့ရ

**ရွှေသောင်ယံ အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့အမှတ်(၁)ရပ်ကွက်အပိုင် ကင်ပွန်းခြံကျေးရွာနှင့် အမှတ်(၁)ရပ်ကွက်အကြား ဝက်လူးအရပ်ဒေသ၌ အောက်တိုဘာ ၄ ရက် ည ၈ နာရီခန့်တွင် လူတစ်ဦးသည် တောဆင်ရိုင်းတစ်ကောင်နှင့် တွေ့ကြုံခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ကင်ပွန်းခြံကျေးရွာနေ မောင်မျိုးမင်းထွန်းသည် အောက်တိုဘာ ၄ ရက် ည ၈ နာရီခန့်က ရွှေသောင်ယံမြို့ အမှတ်(၁)ရပ်ကွက်မှ Luojia ဆိုင်ကယ်ဖြင့်ပြန်လာရာ အမှတ်(၁)ရပ်ကွက်နှင့် တစ်မိုင်ခန့်ရှိ ဝက်လူးအရပ်ဒေသသို့အရောက် တောဆင်ရိုင်းတစ်ကောင်နှင့်တွေ့ကြုံ၍ ချက်ချင်းဆင်းပြေးကာ နီးစပ်ရာလင့်စင်ပေါ်သို့ တက်ရောက်တိမ်းရှောင်နေခဲ့ရသည်။ အဆိုပါ တောဆင်ရိုင်းမှာ မောင်မျိုးမင်းထွန်းပစ်ချထားခဲ့သော ဆိုင်ကယ်အား ဖျက်ဆီးခဲ့ကြောင်း ၎င်း၏ မိသားစုဝင်များထံမှ သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**



## ❖ ဘူးသီးတောင်မြို့နယ်မှ

သွားရောက်ရန် စက်တင်ဘာ ၂၆ ရက်မှစတင်၍ မိမိတို့နေရပ်များမှထွက်ခွာခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အနီးသို့ စုပြုံရောက်ရှိလျက်ရှိကြောင်း သိရသည်။

မောင်တောခရိုင်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်မည့်ဘင်္ဂါလီများ ထပ်မံစုဝေးရောက်ရှိနေကြောင်း သိရှိရသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် လေယာဉ်ပျံကွင်းကျေးရွာကမ်းစပ်အနီးတွင် ကာဒီကျေးရွာ၊ ဘုရားပြင် အောင်ပကျေးရွာနှင့် သိမ်တောင်ပြင်ကျေးရွာတို့မှ ဘင်္ဂါလီ ၇၃၀ ကိုလည်းကောင်း၊ ငါးရံ့ချောင်းကျေးရွာအနီးတွင် နန်းရာကုန်းအုပ်စု၊ ကွန်ဒိုင်အုပ်စု၊ သပြုချောင်းအုပ်စု၊ ဒါးပိုင်ဆရာအုပ်စု၊ စံညွှင်းဝေအုပ်စုနှင့် ရွက်ညိုတောင်အုပ်စုတို့မှ ဘင်္ဂါလီ ၃၈၂ ဦးကိုလည်းကောင်း တွေ့ရှိခဲ့သည်။

အလားတူ အောက်တိုဘာ ၄ ရက်တွင်လည်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဂေါ်ဒူသာရချောင်းဝအနီးတွင် ဂူတာပြင်ကျေးရွာ၊ ဖုံညိုလိပ်ကျေးရွာနှင့် သပိတ်တောင်(တောင်)ကျေးရွာတို့မှ ဘင်္ဂါလီစုစုပေါင်း ၁၄၄၃ ဦးတို့ကို တွေ့ရှိခဲ့သည်။

စက်တင်ဘာ ၂၆ ရက်မှ ယနေ့အထိ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် မိမိတို့၏နေရပ်အသီးသီးကိုစွန့်ခွာ၍ နယ်စပ်အနီးသို့ ရောက်ရှိစုဝေးခဲ့မှု အခြေအနေများမှာ စက်တင်ဘာ ၂၆ ရက်တွင် ရွာသစ်ကေကျေးရွာအနီး၌ ၁၆၈ ဦး၊ စက်တင်ဘာ ၂၇ ရက်တွင် လေယာဉ်ပျံကွင်းကျေးရွာအနီးကမ်းစပ်၌ ၇၇၁ ဦး၊ စက်တင်ဘာ ၂၈ ရက်တွင် လေယာဉ်ပျံကွင်း ကျေးရွာအနီးကမ်းစပ်၌ ၈၉၅ ဦး၊ စက်တင်ဘာ ၂၉ ရက်တွင် ပညောင်ပင်ကြီးကျေးရွာနှင့် နယ်စပ်ခြံစည်းရိုးကြား၌ ၅၃၀၊ အောက်တိုဘာ ၃ ရက်တွင် ဂေါ်ဒူသာရ ချောင်းဝအနီး၌ ၁၂၀၉၄ ဦး၊ လေယာဉ်ပျံကွင်းကျေးရွာကမ်းစပ်၌ ၇၃၀ နှင့် ငါးရံ့ချောင်းကျေးရွာအနီး၌ ၃၈၂ ဦး၊ အောက်တိုဘာ ၄ ရက်တွင် ပညောင်ပင်ကြီးကျေးရွာနှင့် ရွာသစ်ကေကျေးရွာကြား၌ ၁၄၄၃ ဦး စုစုပေါင်း ဘင်္ဂါလီဦးရေ ၁၇၀၁၃ ဦးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# အမေရိကန်နိုင်ငံ IMG Junior Golf Tour ပြိုင်ပွဲတွင် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီးကစားသမားများ ပထမဆုများရရှိ

**ရန်ကုန် အောက်တိုဘာ ၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် Falcon's Fire Golf Club တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသော IMG Junior Golf Tour ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီး မျိုးဆက်သစ်လူငယ်ကစားသမား သင်းဝေခိုင်သည် ၎င်း၏သက်တမ်းဖြစ်သည့် Girl 15-18 ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း ရိုက်ချက် ၇၁+၆၈=၁၃၉(-၅)ဖြင့် ပထမဆုကိုလည်းကောင်း၊ မျိုးဆက်သစ်လူငယ်ကစားသမား ပြည့်ဖြိုးသူက ၎င်း၏သက်တမ်းဖြစ်သည့် Boy 15-18 ပြိုင်ပွဲတွင် နှစ်ရက်ပေါင်းရိုက်ချက် ၆၉+၇၄=၁၄၃(-၁)ဖြင့် ပထမဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ခြင်းကြောင့် ဂေါက်သီးရိုက်အားကစားကို စိတ်ပါဝင်စားစွာဖြင့် ကစားသူများ တိုးတက်လာသကဲ့သို့ ပြိုင်ပွဲဝင်အားကစားသမားများ၏ လက်ရည်ကိုပါ တိုးတက်စေပြီး ၎င်းတို့ကဲ့သို့ ထူးချွန်သည့် လူငယ်ဂေါက်သီးကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆရာ့ဘဝ ဆရာ့ဂုဏ်သိက္ခာ

ခင်မောင်ဌေး(ပညာရေး)

**ရွှေ့ရှုမေတ္တာ၊ ကရုဏာနှင့်**
**နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း**
**ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍**
**ကြိုးလိုစိတ်က၊ ဆုံးမတတ်သူ**
**ဆရာဟူလော့။**

**(မယဒေဝလင်္ကာ)**

ဤလင်္ကာလေးကို စာရေးသူတို့ငယ်စဉ် ကျောင်းတက်ခဲ့ရသည့်အချိန်မှစ၍ သိခဲ့ရသည်။ စာရေးသူတို့တက်ရောက်သင်ကြားခဲ့ရသော အ. ထ. က ကျောင်းကြီးမှာ E-ပုံသဏ္ဍာန်နှစ်ထပ်ကျောင်းဆောင်ကြီးဖြစ်၍ နောင်ကြီးလာသောအခါ ဤကဲ့သို့သော E-shape ပုံသဏ္ဍာန်ကျောင်းများမှာ ပြည်တော်သာစီမံကိန်းအရ မြန်မာပြည်တစ်ဝန်းဆောက်လုပ်ပေးခဲ့ကြောင်း သိရလေသည်။

ထိုကျောင်းတွင် လှေကားသုံးစင်းပါသည်။ အလယ်တွင် E ပုံသဏ္ဍာန်ရှိရာ ထိုအလယ်ဆောင်ကို တစ်ကျောင်းလုံး၏ ဟောခန်းမကြီးအဖြစ် သတ်မှတ်ထားသည်။ ထို ခန်းမကြီးတစ်ဖက်တွင် ဖော်ပြပါ မယဒေဝလင်္ကာကိုရေးသား၍ တစ်ဖက်တွင် စာရိတ္တမဏ္ဍိုင်ပြု ကဗျာတစ်ပုဒ်ကိုရေးသားချိတ်ဆွဲထား၏။ ထိုကဗျာမှာ "အကျင့် စာရိတ္တ၊ဝါရိတ္တဟု၊ အလှရတနာ၊ မြတ်တန်ဆာလည်း သတ္တဝါချင်း မင်းဆင်းရဲသား၊ မပိုင်းခြားဘူး။ လေးပါးကြီး ငယ်၊ မျိုးနွယ်မဆို၊ ရွယ်ပျိုနုရင့်၊ ဆင်တိုင်းတင့်၏" ဟူ၍ ဖြစ်သည်။

**အကြင်နာတရား ရင်ဝယ်ထား**

စာရေးသူတို့သည် ဆရာ ဆရာမတို့၏ ကျေးဇူးကြောင့် ငယ်စဉ်ကပင် ထိုလင်္ကာများကို နှုတ်တက်ရွရွရရှိနေကာ ထိုလင်္ကာတို့၏ အဓိပ္ပာယ်ကိုလည်း နားလည်ခဲ့ကြ၏။ ဆရာဆိုသည်မှာ မေတ္တာရှင်၊ ကရုဏာရှင်များပင်ဖြစ်၏။ အကြင်နာတရားကို ရင်ဝယ်ထား၍ တပည့်တို့၏ အပြစ်များကို မြင်လေတိုင်း၊ တွေ့လေတိုင်း ဝမ်းတွင်း၌သိုသိပ်ထားကြသူများမဟုတ်။ ဟုတ်မှန်သည့်အတိုင်း ပြောဆိုဆုံးမတတ်သူများဖြစ်သည်။ ဤသို့ပြုမူခြင်းမှာ တပည့်များ၏အကျိုးကို လိုလားသောကြောင့်ဖြစ်သည်။ ဤသို့စိတ်ထားရှိသူမှာ ဆရာပင်ဖြစ်သည်ဟူ၍ လေးစားတန်ဖိုးထားဖွယ်ရာ မှတ်သားခဲ့ရပါသည်။ (ယခုအခါ နာနာကျင်ကျင်ဟုရေးကြသော်လည်း ငယ်စဉ်ကသင်ကြားခဲ့သော ဆရာများကမူနာနာကြင်ကြင်ဟုသိမှတ်ခဲ့ရပါသည်။ ကာရန်ကိုငဲ့၍ ကြင်ကြင်နာနာဟုမရေးဘဲ နာနာကြင်ကြင်ဟု ရေးသားခဲ့ကြောင်း မှတ်သားရပါသည်။)

**ကောင်းမြတ်သော ကိုယ်ကျင့်တရား**

ထို့ပြင် အကျင့်စာရိတ္တ၊ ကိုယ်ကျင့်သီလနှင့် ပတ်သက်၍လည်း "ကောင်းမြတ်သော ကိုယ်ကျင့်တရားဆိုသည်ကို တန်ဆာဆင်အပ်သော လက်ဝတ်ရတနာများနှင့် ခိုင်းနှိုင်းဖော်ပြထား၏။ ထိုအကျင့်သီလတည်းဟူသော ရတနာအပေါင်းတို့သည် မင်းဆင်းရဲသားမပိုင်ခြားဘဲ ဆင်မြန်းသင့်သည်။ မည်သည့်အရွယ်၊ မည်သည့်မျိုးနွယ်မဆို ဝတ်ဆင်သင့်သည်။ ပျိုသည်ဖြစ်စေ၊ အိုမင်းသွားသည်ဖြစ်စေ ဆင်ယင်လေတိုင်း တင့်တယ်သည့်အရာပင်ဖြစ်သည်ဟုဆိုထားရာ ငယ်စဉ်ကပင် အကျင့်သီလကောင်းတို့၏ မွန်မြတ်မှုကို လေးစားတန်ဖိုးထားတတ်ခဲ့လေသည်။ ဆောင်ရန် ရှောင်ရန်သိခဲ့ရ၏။ ကိုယ်တိုင်စောင့်ထိန်းလိုက်နာရန်လည်း သိမှတ်ခဲ့ရသည်။

စာရေးသူတို့တွင် ငယ်စဉ်ကံ့ကူလက်လှည့် ဆရာမစ၍ အရွယ်ရောက်လာသည်အထိ ဆရာများစွာရှိခဲ့လေသည်။ ယခုအချိန်အခါတွင် ထိုဆရာများစွာ မကျန်တော့။ ရှိသည့်ဆရာကြီး ဆရာမကြီးများမှာလည်း အိုမင်းရင့်ရော်နေလေပြီ။ သို့သော်လည်း ထိုဆရာကြီး ဆရာမကြီးများ၏ ဆုံးမသွန်သင်ခဲ့သည့် ကျေးဇူးများကိုကား ယနေ့တိုင်မမေ့နိုင်။ နှစ်စဉ်ကျင်းပလေ့ရှိသည့် မြတ်ဆရာပူဇော်ကန်တော့ပွဲများတွင် မိမိတို့၏ ဆရာများမှာ အနည်းအပါးပင် တွေ့နိုင်လေတော့သည်။ ထိုဆရာကြီး ဆရာမကြီးများသည် ယနေ့တိုင်အောင်ပင် မိမိတပည့်များအတွက် ဂုဏ်ယူနေကြဆဲ။ သာရဲ့လား မာရဲ့လား မေးနေကြဆဲ။ ယခုထက်တိုင်အောင်ပင် ကလေးငယ်များဟု ထင်နေကြဆဲပင်ဖြစ်သည်။

**ချစ်ကြောက် ရိုသေ**

စာရေးသူတို့အနေဖြင့်လည်း မိမိတို့၏ ဆရာကြီး ဆရာမကြီးများကို မည်သို့မေ့နိုင်အံ့။ ချစ်မြဲ၊ ကြောက်မြဲ၊ ရိုသေမြဲပင်ဖြစ်သည်။ စာရေးသူတို့အနေဖြင့် ဆရာကြီး ဆရာမကြီးတို့၏ အသင်အပြကို နှစ်သက်ကြသည်။ မရိုက်မနှက်ပါဘဲနှင့် ကြောက်နေကြ၏။ သွန်သင်ဆုံးမပဲ့ပြင်ပေးမှုတို့ကြောင့် ရိုသေလေးမြတ်ကြ၏။ တပည့်တို့အကျိုးအတွက် လမ်းညွှန်ပေးခဲ့၏။ တပည့်များနှင့် ကိုက်ညီမည့်လမ်းကြောင်းမှန်သို့ ပို့ဆောင်ပေးခဲ့၏။ ဤသို့ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသည့်အတိုင်း ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံလှသည့် ဆရာကြီး ဆရာမကြီးတို့အား ချစ်ကြောက်ရိုသေရှိကြသည်မှာ ဆန်းအံ့မထင်။

စာရေးသူသည် ဆရာကြီး ဆရာမကြီးတို့၏ သွန်သင်ညွှန်ပြဆိုဆုံးမမှုအောက်တွင် အပြည့်အဝနာယူကြီးပြင်းခဲ့ရသူဖြစ်သည်။ ဆရာ့ဘဝ ဆရာ့ဂုဏ်သိက္ခာကို လေးစားအားကျခဲ့သည်။ လောကတွင် ပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုခြင်းသည် အမွန်မြတ်ဆုံးဖြစ်သည်ဆိုသည့် စကားကိုလည်း တန်ဖိုးထား၏။ ကျောင်းဆရာဘဝကို လိုလားနှစ်ခြိုက်စွာဆန္ဒဖြစ်ခဲ့သည်။ သို့ဖြစ်၍လည်း ၁၉၇၂ ခုနှစ်တွင် မူလတန်းဆရာဖြစ်သင်တန်းတက်ပြီး မူလတန်းလက်ထောက်ဆရာဘဝကို ခံယူခဲ့ပါသည်။ မူလတန်းအရွယ် ကလေးငယ်များနှင့် သုံးနှစ်တာကာလ သင်ကြားခဲ့ရ၏။ ထိုရွာကလေးသည် မြို့နှင့် ၇ မိုင်ခန့်ဝေးသည့် ရွာကြီးတစ်ရွာသို့ မော်တော်ကားဖြင့် သွားရ၏။ ထိုမှတစ်ဖန် ၅ မိုင် ခန့် လမ်းလျှောက်သွားရလေ၏။ သို့သော် မောရမှန်း၊ ပန်းရမှန်းပင်မသိခဲ့ပါ။

ထို့နောက် ၁၉၇၅ ခုနှစ်တွင် မူလတန်း ကျောင်းအုပ်ရာထူးကို ထမ်းဆောင်ခဲ့ရသည်။ ထိုကျောင်းမှာ မြို့နှင့် ၁၂ မိုင်ခန့်ဝေးသည့် ကားလမ်းပေါ်တွင်ရှိ၏။ မီးရထားနှင့်လည်းသွား၍ရသည်။ မီးရထားမှာ စာရေးသူတို့၏ မြို့မှ နံနက် ၅ နာရီခွဲခန့်တွင်ထွက်ရာ ထိုရထားဖြင့်သွားပါက ကျောင်းကလေးသို့ နံနက် ၆ နာရီဆိုလျှင်ပင်ရောက်ရှိသည်။ ဆိုရလျှင် ကျောင်းပေါက်ဝတွင် ရောင်းချသည့် ဒေါ်အေး၏ အကြော်ဆိုင်ပင် မီးမွေးခါစပင် ရှိပါသေးသည်။ သို့သော်လည်း ပျော်ရွှင်တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့လေသည်။

၁၉၈၁ ခုနှစ်တွင် အလယ်တန်းပြဆရာ၊ ၁၉၈၂ ခုနှစ်တွင် B.Ed သင်တန်းတက်ကာ အထက်တန်းပြဆရာအဖြစ် ကျရာနေရာတွင် သွားရောက်အမှု ထမ်းခဲ့ရသည်။ ဆရာကောင်း တပည့်မို့ပန်းကောင်းပန်နိုင်ခဲ့သည်ဟု ဆိုရမည်လားမသိ။ စာရေးသူသင်ကြားရသည့် မြန်မာစာနှင့် အင်္ဂလိပ်စာတို့တွင် တပည့်တို့၏ ထူးထူးခြားခြား အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ဆရာကြီး ဆရာမကြီးတို့၏ တပည့်တို့အပေါ်ထားခဲ့သည့် ရင်းနှီးချစ်ခင်မှု၊ သွန်သင်ညွှန်ပြခဲ့သည့် အဆုံးအမများသည် စာရေးသူတို့၏ ကျောင်းဆရာဘဝ အမှုထမ်းသက်တစ်လျှောက်တွင် များစွာတန်ဖိုးရှိခဲ့လေသည်။ ယခုထက်တိုင်ပင် မိမိတို့၏ ဆရာဘဝ ဆရာ့ ဂုဏ်သိက္ခာကို တန်ဖိုးထားလေးစားချစ်ခင်လျက်ပင်ဖြစ်သည်။

ကုလသမဂ္ဂပညာ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ကြီးက "ပညာသင်ယူမှုသည် လူသားတို့၏ အားထုတ်ကြိုးပမ်းမှုတစ်ရပ် ဖြစ်နေသမျှ လူသားဆရာများသည်လည်း လိုအပ်ချက်တစ်ရပ်အနေဖြင့် ထာဝရရှိနေပေလိမ့်မည်"ဟု ဆိုခဲ့သည် မှန်ပါသည်။ ဆရာမပြနည်း မကျဆိုသကဲ့သို့ပင် မည်သည့်အတတ်ပညာ အသိပညာပင်ဖြစ်ပါစေ ဆရာ၏သွန်သင်မှု၊ စနစ်တကျလမ်းညွှန်မှု မရှိလျှင် ပြီးပြည့်စုံသော အသိပညာ၊ အတတ်ပညာကို ရရှိနိုင်မည်မဟုတ်ပေ။

**စာကိုလည်းသင် စိတ်ကိုလည်းပြင်**

ထို့ပြင် ဆရာဆိုသည်မှာ စာချည်းသက်သက် သင်ကြားကြသူများမဟုတ်ပေ။ စာကိုလည်းသင် စိတ်ကိုလည်းပြင်ပေးနိုင်ကြသူများဖြစ်သည်။ တပည့်တိုင်း၏ လိုအပ်နေသော စိတ်အာဟာရကို စာပေဖြင့် ဖြည့်ဆည်းပေးနေသူများဖြစ်၏။ စိတ်ကိုထိန်းကျောင်းနိုင်သည့် လူချွန်လူကောင်းများကို မွေးထုတ်နိုင်ရန် ကြိုးပမ်းနေကြသူများလည်းဖြစ်၏။ သို့ဖြစ်၍လည်း ဆရာများသည် အေးချမ်းသာယာလှပသော ကမ္ဘာကြီးဖြစ်လာစေရန် အလင်းတံခါးဖွင့်ပေးသူများအဖြစ် ရည်ညွှန်းဂုဏ်ပြုခဲ့ကြလေသည်။

**လောကအလှဆင်သူများ**

သို့ဖြစ်၍ ဆရာများသည် လောကအလှဆင်သူများဖြစ်ပြီး နိုင်ငံ့အတွက် သားကောင်း သမီးမွန်များကို မွေးထုတ်ပေးနေသူများလည်းဖြစ်၏။ ဆိုရလျှင် အနာဂတ်အတွက် ပန်းစုံတောကြီးများ ဖန်တီးတည်ဆောက်သူ၊ ဆီမီးတိုင်အသစ်များ ထောင်သောင်းမက လက်ဆင့်ကမ်းထွန်းညှိကာ ပညာတံခါးဖွင့်ပေးနေသူများဖြစ်၏။ ထို့ကြောင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၂ ခုနှစ်မှ စတင်၍ အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ပါသည်။ ကမ္ဘာ့ဆရာများနေ့ ကျင်းပလာသည်မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ၁၆ နှစ် မြောက်တိုင်ခဲ့ပြီဖြစ်ပြီး ကမ္ဘာ့ဆရာများနေ့ ပေါ်ပေါက်လာရသည့် ရည်ရွယ်ချက်မှာ "ဆရာတို့သည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်အရေးကြီးသော ပုဂ္ဂိုလ်များဖြစ်၍ ဆရာ့ဘဝရှင်သန်ဖွံ့ဖြိုးရန် လိုအပ်လာသည့်အလျောက် ယင်းတို့အား ထိုက်ထိုက်တန်တန်ဂုဏ်ပြုပြီး အရည်အသွေးပြည့်ဝသူ ဆရာများပေါ်ပေါက်လာစေရန်" ပင်ဖြစ်လေသည်။

ထို့ကြောင့် နိဂုံးချုပ်တင်ပြရလျှင် အမိမြန်မာနိုင်ငံတွင် ဆရာ ဆရာမများအား ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ အာစရိယနွယ်ဝင် ကျေးဇူးရှင်များအဖြစ် မှတ်ယူကာ ပြည်သူတစ်ရပ်လုံး၏ အလေးအမြတ်ထား ရိုသေလေးစားခြင်းကို ခံရသူများဖြစ်ကြပါသည်။ မည်သို့သော ပုဂ္ဂိုလ်မျိုးပင်ဖြစ်ပါစေ ဆရာ၊ ဆရာမတို့၏ သွန်သင်ညွှန်ပြမှု မရှိဘဲ မတတ်မြောက်နိုင်ပါ။ ဆရာ ဆရာမတို့၏ ဆုံးမပဲ့ပြင်မှုနှင့် လွတ်ကင်းသည်ဟူ၍လည်း မရှိနိုင်ပါ။ အနာဂတ်၏ ရှေ့တန်းတိုက်စစ်မှူးဖြစ်ကြပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့်လည်း အရည်အသွေးပြည့်ဝသည့် ဆရာများဖြစ်လာရေး၊ ဆရာ ဆရာမတို့၏ လူနေမှုဘဝမြင့်မားရေး၊ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးတို့အတွက် ဆထက်တိုး၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါစေကြောင်း ကမ္ဘာ့ဆရာများနေ့တွင် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စာမှတ်စု - (က) ဆောင် (စာရိတ္တ) သီလနှင့်ပြည့်စုံရန် စိတ်ကောင်းထားလျက် ကုသိုလ်ကောင်းမှုမှန်သမျှကို အဆက်မပြတ် ကြံပြောပြုနေရန်သာဖြစ်သည်။

(ခ) ရှောင် (ဝါရိတ္တ) သီလနှင့် ပြည့်စုံရန်

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဟု နားလည်ဆုံးဖြတ်နှလုံးသွင်းကျင့်သုံးအပ်ပါသည်။ ။

> ဆရာများသည် လောကအလှဆင်သူများဖြစ်ပြီး နိုင်ငံ့အတွက် သားကောင်းသမီးမွန်များကို မွေးထုတ်ပေးနေ. . .
> အနာဂတ်အတွက် ပန်းစုံတောကြီးများ ဖန်တီးတည်ဆောက်သူ၊ ဆီမီးတိုင်အသစ်များ ထောင်သောင်းမက လက်ဆင့်ကမ်းထွန်းညှိကာ ပညာတံခါးဖွင့်ပေးနေ. . .

## အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သောကလေးများကို ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာဆရာမများအားသင်တန်းဖွင့်လှစ်

**ဟားခါး အောက်တိုဘာ ၅**

မြန်မာနိုင်ငံတွင် အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော ကလေးများ (ဉာဏ်ရည်မသန်စွမ်း)အား ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာ ဆရာမများအား မွေးထုတ်ပေးမည့် သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချန်ပဲ့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အထူးပညာရေးအသင်းမှ အတွင်းရေးမှူး ဦးဒေးဗစ်ဇော်ဒိမ်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ဝန်ထမ်းများနှင့် ဧဒင်မသန်စွမ်းရိပ်မြုံ (ဟားခါး)မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၄ ရက်မှ ၇ ရက်ထိ ဖွင့်လှစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**အလုံ အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် အထက(၄) အလုံရှိ သီရိရတနာခန်းမ၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရွှေဦးစွာ အထက (၂) ဗဟန်း ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ အထက(၁)ဒဂုံမှ ကျောင်းသား ကျောင်းသူလေးများက "ဆရာကန်တော့ခန်း" တေးသီချင်းဖြင့် သီဆိုပူဇော်ဖျော်ဖြေခဲ့ကြသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေတို့က ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် အလုံမြို့နယ် အမက(၃) မူလွန် ဗဟန်းက ကျောင်းသား ကျောင်းသူများက "အသီးတစ်ရာ အညွှာတစ်ခု" သီချင်းဖြင့် တေးသရုပ်ဖော်များ ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**



# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) (၁၃)ကြိမ်မြောက် ဘွဲ့ယူစွမ်းရည်ပြလက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲကျင်းပ

**အောင်မြေသာစံ အောက်တိုဘာ ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် (၁၃)ကြိမ်မြောက် ဘွဲ့ယူစွမ်းရည်ပြဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ (မန္တလေး)၌ ကျင်းပသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှုံးစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များတက်ရောက်အားပေးကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည်အမျိုးသားဇာတ်ရုံအတွင်း ခင်းကျင်းပြသထားသော ကျောင်းဆင်းလက်ရာမွန်ပန်းချီကားပေါင်း ၂၃ ကား၊ ပန်းပုလက်ရာရုပ်တု ခုနစ်ရုပ်တို့ကို ကြည့်ရှုရာ ပါမောက္ခချုပ်ဒေါ်ခင်ကြည်ပြာနှင့် ပါမောက္ခ/ဌာနမှူးများ၊ ဘွဲ့ယူကျောင်းသားကျောင်းသူများက ရှင်းလင်းပြသသည်။

ဆက်လက်၍အမျိုးသားဇာတ်ရုံတွင် ဂီတသဘင်စွမ်းရည်ပြတင်ဆက်ပွဲကျင်းပရာအစီအစဉ်(၁၀)မျိုး၊ သစ္စာခိုင်ခိုင်ချစ်မဏ္ဍိုင် (ရုပ်သေး)၊ ရာမာယဏဇာတ်တော်ကြီးတို့ကို အနုပညာပြောင်မြောက်စွာ စုပေါင်းတင်ဆက်ပြသကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ကို ၂၀၀၀ ပြည့်နှစ်တွင် ပုသိမ်ကြီးမြို့နယ်အုန်းချောကျေးရွာ ရွှေစာရံဘုရားလမ်းတွင်ဖွင့်လှစ်ခဲ့ကာ "နိုင်ငံဂုဏ်ပြုယဉ်ကျေးမှု" ဆိုသည့်ဝန်ကြီးဌာနဆောင်ပုဒ်နှင့်အညီအနုပညာဌာနခွဲ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာများသင်ကြားပေးပြီး မျိုးဆက်သစ်အနုပညာရှင်များမွေးထုတ်ပေးလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# ဆရာ့အလုပ်ကိုဝင်ရောက်လုပ်ကိုင်သည့်လူငယ်များ နည်းပါးလာခြင်းကြောင့် ဆရာ့လုပ်ငန်းကိုအားဖြည့်ဂုဏ်တင်ရန်လိုအပ်

**မုံရွာ အောက်တိုဘာ ၅**

နိုင်ငံအများစုမှာ ဆရာ့အလုပ်(Teacher Profession)ကို ဝင်ရောက်လုပ်ကိုင်သည့်လူငယ်များနည်းပါးလာခြင်းကြောင့် ဆရာ့လုပ်ငန်းကိုအားဖြည့်ဂုဏ်တင်ရန်လိုသလို ပညာရေးသည် လူတစ်ဦးအဖွဲ့အစည်းတစ်ခုလုံး၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ကို သိရှိကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် အသိပေးပြောကြားသည်။

"၂၁ ရာစုဖြစ်တဲ့ပညာခေတ် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အရည်အသွေးကောင်းမွန်တဲ့ဆရာကောင်းတွေ အမှန်ပဲလိုအပ်နေပါတယ်။ အခုအခါမှာ ဆရာကောင်းတွေရှားလာတာနဲ့ ရင်ဆိုင်နေကြရပြီဖြစ်ပါတယ်။ ဒါ့ကြောင့်ဆရာကောင်းများ ဆရာ့ဘဝ ဆရာ့လောကကို အဆက်မပြတ်ဝင်ရောက်လုပ်ကိုင်လာနိုင်စေဖို့ အထူးလိုအပ်နေပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာဆရာတွေရဲ့ဘဝ ဆရာတွေရဲ့ လူနေမှုအဆင့်အတန်းများနဲ့ တိုက်ရိုက်ဆက်နွှယ်နေတာကို သတိပြုရမှာဖြစ်ပါတယ်" ဟု ဒေါက်တာမြင့်နိုင်က ထည့်သွင်းပြောကြားသည်။

အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူများက မြတ်ဆရာသီချင်းစုပေါင်းသီဆိုကာ စစ်ကိုင်းတိုင်းဒေသကြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခန်းအနားကိုဖွင့်လှစ်ပြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂက ပေးပို့သည့်သဝဏ်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက ဖတ်ကြားသည်။

"၂၀၀၂ ခုနှစ်ကစပြီး ကမ္ဘာ့ဆရာများနေ့ကိုကမ္ဘာနဲ့အဝှမ်းသတ်မှတ်ခဲ့ကြပေမယ့် မြန်မာနိုင်ငံမှာမြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ဘုရား-တရား-သံဃာ-မိဘ-ဆရာဆိုပြီး ဆရာဆရာမတွေကို အနန္တောအနန္တငါးပါးမှာတစ်ပါးအပါအဝင်အဖြစ် ပူဇော်ခံထိုက်တဲ့ပုဂ္ဂိုလ်အဖြစ်တန်ဖိုးထားခဲ့ကြပါတယ်။ လူ့လောကကြီးမှာအောင်မြင်မှုရှိစေဖို့ အသိပညာအလိမ္မာရှိစေဖို့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန်ဆုံးဖြတ်ရပ်တည်စေဖို့ သတ်မှတ်ကျင်းပကြတာဖြစ်ပါတယ်။ ကျောင်းသားဟောင်းကြီးတွေကလည်းငယ်ငယ်က သင်ကြားပြသပေးခဲ့၊ မြေတောင်မြှောက်ပေးခဲ့ကြတဲ့ ဆရာကြီးဆရာမကြီးတွေကို အမြတ်တနိုးလေးစားမှုနဲ့ အာစရိယပူဇော်ပွဲတွေ အနယ်နယ်အရပ်ရပ်မှာပြုလုပ်နေကြတာဟာ ဆရာ့ဂုဏ်ကိုအလေးထားကြတဲ့ မြန်မာလူမျိုးတို့ရဲ့ မွန်မြတ်တဲ့ယဉ်ကျေးမှုဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူက ပြောသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် အသက်(၇၅)နှစ်နှင့်အထက်ဆရာကြီး ဆရာမကြီးများကို ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ကာ ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများကို ဆုအသီးသီးချီးမြှင့်သည်။

ထို့နောက် အငြိမ်းစားကျောင်းဆရာကြီးတစ်ဦးက မုဒိတာကျေးဇူးတင်စကားပြောကြားကာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်သီချင်းဖြင့် သံပြိုင်သီဆိုဂုဏ်ပြုခဲ့ကြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီးတွင် မီးပုံးပျံလွှတ်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မုံရွာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားပွဲကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မီးပုံးပျံလွှတ်ပွဲကို အောက်တိုဘာ ၅ ရက် (သတင်းကျွတ်လပြည့်နေ့) နံနက် ၉ နာရီက မဟာစေတီလှဘုရားဝင်းအတွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မီးပုံးပျံလွှတ်ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်ပြီး "သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီးပွဲတော်က နှစ်စဉ်သတင်းကျွတ်လပြည့်နေ့ဆို ကျင်းပတာ။ အဲဒီဘုရားပွဲတော်မှာ အစဉ်အဆက်မီးပုံးပျံလွှတ်ပွဲလည်း ထည့်ပြီးကျင်းပတာပါ။ ရှေးတုန်းကတော့ ဘုန်းတော်ကြီးတွေက ဦးစီးပြီး မီးပုံးပျံတွေကို လုပ်ကြတာ။ အခုနောက်ပိုင်းမှာတော့ ရပ်ရွာကလူကြီးတွေကနေပြီး ဦးစီးလုပ်လာကြတာအခုခေတ်အနေနဲ့ မီးပုံးပျံတစ်လုံးလုပ်ရင် ငွေ နှစ်သိန်းကျော်၊ သုံးသိန်းလောက်ကုန်တယ်။ အခုမီးပုံးပျံကြီးအတွက် မိုင်းကိုင်စက္ကူ ၁၂၀၀၊ မီးစာလုပ်ဖို့ ချည်ငင် ၁၀ ပိဿာ၊ ပိတ်ဖြူစကိုက် ၅၀၊ ရေနံချေး ၁၀ ပိဿာ ကုန်တယ်။ မီးပုံးပျံကြီးက ထိပ်ပိတ်အကျယ် ၁၈ တောင်၊ အမြင့် ၁၁ တောင်ရှိတယ်။ သာစည်နယ်ပိုင် ၆၄ ရွာအပြင် မုံရွာမြို့နယ်ထဲကပါလာပြီး ဘုရားဖူးရင်း မီးပုံးပျံလွှတ်ပွဲကို လာပြီးကြည့်ကြတယ်" ဟု မီးပုံးပျံလွှတ်ပွဲဖြစ်မြောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားပွဲနှင့်အတူ သာစည်ကျေးရွာနယ်ပိုင် ၆၄ ရွာမှ ရွာသူရွာသားများက မိမိတို့စိုက်ပျိုးသည့် သီးနှံများအောင်မြင်ဖြစ်ထွန်းရန်အတွက် ဘုရားကြီးရင်ပြင်တော်တွင် ပက်ဖျန်းသည့်အလေ့အထလည်း လုပ်ဆောင်ကြပြီး မီးပုံးပျံလွှတ်ပွဲတော်အား နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်ကာလ မိုးလေမလွတ်ကင်းသော်လည်း စည်ကား

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်ကာလ မိုးလေကင်းလွတ်မှုမရှိသော်လည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ရပ်ကွက်/ကျေးရွာဘုရားပွဲများကို မိုးထဲရေထဲမှာပင် ပျော်ရွှင်စွာကျင်းပလျက်ရှိကြရာ စံပြ ရပ်ကွက် မဟာဗောဓိမွှာရုံ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီမှစတင်၍ ညနေပိုင်းအထိ ကလေးအားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အညာဒေသကျေးရွာဘုရားပွဲများကို သီတင်းကျွတ်လဆန်းမှ စတင်ကျင်းပလေ့ရှိကြရာ မိုးတွင်းကာလလက်ကျန်မိုးများ ဖြိုင်ဖြိုင်ရွာသွန်းတတ်သော ရာသီသဘာဝအလေ့အထကြောင့်ကျေးရွာဘုရားပွဲများမှာ နှစ်စဉ်လိုလို မိုးနှင့်အပြိုင်ဆင်နွှဲလေ့ရှိကြရကြောင်းသိရသည်။

မြို့ပေါ်ရပ်ကွက်ဓမ္မာရုံဘုရားပွဲများကို ရပ်ကွက်အလိုက် သီတင်းကျွတ်လ၏ နောက်ဆုံးပတ်တွင်ကျင်းပလေ့ရှိကြပြီး ယခုနှစ် စံပြရပ်ကွက်ဓမ္မာရုံ ဗုဒ္ဓပူဇနိယဘုရားပွဲကို အကြိမ်(၄၀)မြောက် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ဘုရားပွဲတွင် အောက်တိုဘာ ၁ ရက်မှစတင်၍ ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပွဲကို သုံးရက်တာကျင်းပပြီး မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲ၊ ဝိုင်းခြင်းအလှခတ်ပွဲနှင့် ကလေးများ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အိတ်စွပ်အပြေးပြိုင်ပွဲ၊ ကြိုးခုန်ပြိုင်ပွဲများနှင့် အပြေးပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ရာ ယခင်နှစ်များထက်ပိုမိုထူးခြားစည်းကားခဲ့ပြီး ကလေးများအတွက် ပျော်ရွှင်ဖွယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့ပေါ်တွင် ၁၂ ရပ်ကွက်ရှိရာ သီတင်းကျွတ်ကာလရောက်တိုင်း ရပ်ကွက်အလိုက် ဓမ္မာရုံဘုရားဗုဒ္ဓပူဇနိယပွဲများကို အပြိုင်အဆိုင်ကျင်းပလေ့ရှိကြပြီး ညနေချိန်များတွင် မီးကြာလှည့်များ၊ အတီးအမှုတ်အကအခုန်များဖြင့် စည်ကားနေလေ့ရှိသလို ရပ်ကွက်များ၊ ဓမ္မာရုံများနှင့် ဘုရားစေတီများတွင်လည်း စတုဒိသာအကျွေးအမွေးများ၊ ရိုးရာခြင်းခတ်ပြိုင်ပွဲများ၊ ကလေးအားကစားပြိုင်ပွဲများဖြင့် ပျော်ရွှင်စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မင်းဘူး(စကု)မြို့နယ်ရှိ ခေတ်မီစိုက်နည်းစနစ် စံပြကွက်သို့ ရခိုင်ပြည်နယ်မှတောင်သူများလာရောက်လေ့လာ

**မင်းဘူး အောက်တိုဘာ ၅**

တောင်သူများ၏ မိရိုးဖလာစိုက်ပျိုးနေသည့် စိုက်နည်းစနစ်များအစား ခေတ်မီတိုးတက်လာသည့် စိုက်ပျိုးနည်းစနစ်များနှင့် ပြောင်းလဲစိုက်ပျိုးထားမှုများကို ရခိုင်ပြည်နယ်မြေပုံကျေးရွာမှ တောင်သူများ၊ မင်းပြား၊ မြေပုံ၊ မြောက်ဦးခရိုင်မှ စိုက်ပျိုးရေးဝန်ထမ်းများ၊ IRC (International Rescue Committee)မှ ဝန်ထမ်းများ စုစုပေါင်း ၄၀ သည် မင်းဘူး(စကု)မြို့နယ်အတွင်းမှ ဒေသခံတောင်သူများ၏ ခေတ်မီစိုက်နည်းစနစ် စံပြကွက်သို့ အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါလေ့လာသူများကို မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက သိမ်ကုန်းစိုက်ပျိုးရေးစခန်းခန်းမ၌ SRI စပါးစိုက်ပျိုးမှုစနစ်၊ တိုက်ရိုက်မျိုးစေ့ချ(Seeder) စိုက်ပျိုးမှုစနစ်၊ သဘာဝမြေသြဇာပြုလုပ်နည်း၊ အပင်ပြုစုထိန်းသိမ်းနည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို စက်ပစ္စည်းများဖြင့် သရုပ်ပြရှင်းလင်းပြီး တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မင်းဘူး(စကု)မြို့နယ် ဉယျာဉ်ဇင်ကျေးရွာ ကွင်းအမှတ်(၁၁၉၂)ရှိ တောင်သူ ဦးသောင်းဌေးစိုး၏လယ်မြေတွင် SRI ပျိုးသက်နုစိုက်စနစ်၊ Seederဖြင့် မျိုးစေ့ချစိုက်စနစ်၊ ကြဲပက်စနစ်၊ ပေါင်ပျိုးစနစ်များဖြင့် မိုးစပါးစိုက်နည်းစနစ် လေးမျိုးစံပြကွက်စိုက်ပျိုးထားရှိမှုကို လက်တွေ့ပြသရှင်းလင်းပြီး တောင်သူများအနေဖြင့် အထွက်နှုန်းတိုးတက်ကောင်းမွန်သည့်မျိုးနှင့် စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး တိုက်တွန်းပြောကြားသည်။

**ဖိုးပြည့်(မင်းဘူး)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပထမအဆင့်ပဏာမအသံစစ်ဆေး



**ကလေး အောက်တိုဘာ ၅**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးရည်ရွယ်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှကြီးမှူးကျင်းပလျက်ရှိသော ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ (Peace Music Festival 2017) သီချင်းဆိုပြိုင်ပွဲ ပထမအဆင့်(Level-1)ပဏာမအသံစစ်ဆေးခြင်း (Voice Only)ကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲမှစ၍ ကလေးခရိုင် ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ စတင်ကျင်းပသည်။

ကလေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ပထမအဆင့်ပြိုင်ပွဲ၏ပဏာမအသံစစ်ဆေးမှုအပြီးတွင် ရွေးချယ်ခံရသူများသည် ဒုတိယအဆင့်အနေဖြင့် တူရိယာတစ်မျိုးမျိုးဖြင့် တွဲဖက်သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်ရွေးချယ်ခံရသူ ပဏာမ ၁၀ ဦးကို Level-1 အဆင့်ပြိုင်ပွဲ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သည့်တီးဝိုင်းအပြည့်အစုံဖြင့် Live ယှဉ်ပြိုင်မှုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်ရွေးချယ်ခံရသူ ပဏာမ ၁၀ ဦးတို့၏ Stage Rehearsal ပြုလုပ်ခြင်းကို အောက်တိုဘာ ၇ ရက်နှင့် ဒေသလက်ရွေးစင် သုံးဦးရွေးချယ်ရန်အတွက် ပဏာမ ၁၀ ဦးတို့ ယှဉ်ပြိုင်ခြင်းတိုက်ရိုက်ထုတ်လွှင့်မှု (Level-1 Live)ကိုအောက်တိုဘာ ၈ ရက်တွင် ကလေးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ယှဉ်ပြိုင်စေပြီး အဆိုပြိုင်ပွဲကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ရုပ်သံလိုင်းမှ ည ၈ နာရီခွဲတွင် တိုက်ရိုက် (Live)ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရေးကော်မတီ(ရုပ်သံ)မှ ဦးတင်ထွန်းဝင်းက ပြောကြားသည်။

ကလေးမြို့ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲအတွက် အသံစစ်ဆေးခံယူရန် ချင်းပြည်နယ် အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းတွင်းအထက်ပိုင်းဒေသ မြို့နယ်များမှလျှောက်လွှာတင်သွင်းထားသူ တေးချစ်သူ အဆိုဝါသနာရှင် ၂၇၁ ဦးရှိပြီး ပြိုင်ပွဲဝင်များအနေဖြင့် လျှောက်လွှာထုတ်ယူသည့်အစဉ်အလိုက်၊ ပြိုင်ပွဲနေ့တွင် ရောက်ရှိသည့်အစဉ်အလိုက် အသံစစ်ဆေးကာ ရလဒ်ကိုနေ့ချင်းပြီးကြေညာသွားမည်ဖြစ်ကြောင်း၊ အကဲဖြတ်ဒိုင်များအဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံးမှရွေးချယ်ထားသော တေးရေးဆရာမင်းချစ်သူ၊ တေးရေးဆရာအောင်နိုင်စန်းနှင့် ဂီတအနုပညာရှင်ခင်မြတ်မွန်တို့က ဆောင်ရွက်ကြကြောင်း၊ ညွှန့်သည်အဆိုရှင်အဖြစ် နိုင်ငံကျော်တေးသံရှင်ဖိုးကာနှင့် ခင်မိုးဝေ(ခ)ဗန်သော့ဒ်ကျင်းတို့က ဝါသနာရှင်ပြည်သူများအား ကူညီသီဆို ဖျော်ဖြေအားပေးသွားမည်ဖြစ်ကြောင်း ကလေးမြို့ ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရေးကော်မတီ(ရုပ်သံ)မှ ဦးရဲဝင်းထွန်းက ပြောသည်။ ငြိမ်းချမ်းရေးနှင့်သက်ဆိုင်သည့် သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ရမည့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ MRTV၊ Forever Group နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့မှ ဂုဏ်ယူစွာ စီစဉ်တင်ဆက်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ပါဝင်ကူညီပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း၊ သီချင်းဆိုပြိုင်ပွဲကို သတ်မှတ်ထားသောမြို့ကြီး ၁၁ မြို့တို့တွင် ကျင်းပ၍တောင်ကြီးမြို့မှ စတင်ကာ နောက်ဆုံးအဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲတိုင်းအား MRTV ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

**ဂျိုးနက်**



# ချင်းတွင်းမြစ်ပြေး အမြန်ရေယာဉ်ခရီးစဉ် မုံရွာမှသွားသူခရီးသည်များပြား

**မုံရွာ အောက်တိုဘာ ၅**

သီတင်းကျွတ် ရုံးနှင့် ကျောင်းပိတ်ရက်အစဖြစ်သည့် အောက်တိုဘာ ၄ ရက် နံနက်အစောပိုင်းကစတင်၍ နေပြည်တော်မှ မုံရွာသို့ ပြန်လာသောကားများတွင် ခရီးသည်များသလို နံနက်အစောပိုင်းကမုံရွာမှ ဟုမ္မလင်း-နောင်ပိုအောင်သို့ထွက်သောအမြန်ရေယာဉ်များ သတ်မှတ်လူဦးရေအပြည့်လိုက်ပါသွားကြကြောင်းသိရသည်။

မုံရွာကားလေးဝင်းအတွင်း ကားအသင်းပေါင်း ၉၇ သင်းရှိသည့်အနက် မုံရွာ-ရန်ကုန် ၁၅ သင်း မုံရွာ-မန္တလေးအသင်း ၂၀ နှင့် မုံရွာ-နေပြည်တော် ခုနစ်သင်းတို့တွင် သွားလာမှုပိုများလာကြောင်း မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထံမှသိရသည်။

"ဒီရက်ပိုင်းခရီးသွားတွေများမယ်ဆိုတာ သိတော့ လက်မှတ်ကြိုဝယ်တာတွေများပါတယ်။ ရန်ကုန်ကနေ မုံရွာကိုပြန်လာတာကတော့ ပုံမှန်ရှိပေမယ့် နေပြည်တော်ကနေ မုံရွာပြန်လာတာတွေကတော့တော်တော်များပါတယ်။ တစ်ခါရုံးပြန်ဖွင့်မယ့် အောက်တိုဘာ ၈ ရက် တနင်္ဂနွေနေ့ဆိုရင် မုံရွာကနေ ပြည်တော်ပြန်မယ့်သူတွေ များပါလိမ့်မယ်။ ကျန်တဲ့ မန္တလေးခရီးစဉ်ကတော့ ပုံမှန် နာရီဝက်တစ်စီးကျ အသင်း ၂၀ က ပြေးဆွဲပေးနေတဲ့အပြင် ကားလေးလိုင်းတွေက ခရီးသည်လိုအပ်ချက်အပေါ်ကြည့်ပြီး ကားကိုနေရာအရောက် စီစဉ်ပြေးဆွဲပေးနေတော့ ခရီးသွားတွေအတွက် ဒီနှစ်မှာ အရင်တုန်းကလို လိုအပ်ချက်ရှိတာတွေ အတော်နည်းသွားတာတွေ့ရပါတယ်" ဟု ဦးမျိုးမင်းက ပြောသည်။

လက်မှတ်ကြိုတင် ဝယ်ယူထားကြသောကြောင့် နာရီဝက်တစ်စီးထွက်နေသော မုံရွာ-မန္တလေးနှင့် မန္တလေး-မုံရွာကားများအနေဖြင့် ကားတိုင်းလူအပြည့်လိုက်ပါသည်ကိုတွေ့ရပြီး ကားကြီးများဖြစ်သော မုံရွာ-ရန်ကုန်နှင့် ရန်ကုန်-မုံရွာကားများအနေဖြင့် ရန်ကုန်မှလာသောကားများတွင် လူအပြည့်ပါသည်ကိုတွေ့ရကြောင်း မုံရွာကားလေးဝင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အောက်တိုဘာ ၄ ရက် နံနက်အစောပိုင်း ၄ နာရီမှစတင်၍ မုံရွာမှ ဟုမ္မလင်းပြေးဆွဲသောအမြန်ရေယာဉ် သုံးစင်းနှင့် မုံရွာ-ခန္တီး တစ်စီးကြားခရီးတိုပြေးဆွဲသောအမြန်ရေယာဉ် ခြောက်စင်းတို့တွင် နေရပ်ပြန် ကျောင်းသား ကျောင်းသူများလိုက်ပါမှုများပြားခဲ့ကြောင်း ရွှေပြည်ကမ္ဘာအမြန် ရေယာဉ်အသင်း လက်မှတ်အရောင်းဌာန တာဝန်ရှိသူထံမှ သိရသည်။

"ဒီနေ့မနက် မုံရွာကထွက်တဲ့ အမြန်ရေယာဉ်တိုင်း ခရီးသည်အပြည့်ပါပါတယ်။ ဟုမ္မလင်းနဲ့ နောင်ပိုအောင်ခရီးစဉ်ကြားလိုင်းတွေဖြစ်တဲ့ မင်းကင်း၊ ကလေးဝစတဲ့အမြန်ရေယာဉ်တွေအကုန်လူပြည့်ပါတယ်။ အခါတိုင်းခရီးသည် ၃၀ ရဖို့မလွယ်ပါဘူး။ အခုက ၇၀ ဆံ့တာရော၊ ၉၀ ဆံ့တာရော၊ ၁၂၀ ဆံ့တာရော အကုန်ပြည့်ပါတယ်။ ထူးခြားတာက ခရီးသည်များတယ်ဆိုပြီး ရသလောက် အပြည့်အသိပ်တင်တာမျိုးဒီနှစ်မှာလုံးဝမရှိပါဘူး။ တင်ခွင့်လည်းမပေးပါဘူး။ မုံရွာ စထွက်ကတည်းက စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ရေယာဉ်စစ်ဆေးတာ၊ ခရီးသည်တင်တာစစ်ဆေးတာတွေကိုလုပ်ပါတယ်။ လမ်းတစ်လျှောက် ငါးနေရာမှာလည်း ခရီးသည် အပိုတင်တာရှိ၊ မရှိကိုတောက်လျှောက်စစ်တဲ့အတွက် အပိုအပြည့်အသိပ်တင်တာကတော့ လုံးဝမရှိတော့ပါဘူး" ဟုအမြန်ရေယာဉ်ပိုင်တစ်ဦးက ပြောပြသည်။

မုံရွာအခြေပြုကာ မန္တလေး ပခုက္ကူနှင့်ခင်ဦးမြို့တို့သို့ နေ့စဉ်ပြေးဆွဲနေသော ရထားခရီးစဉ်များအနေဖြင့် သီတင်းကျွတ် ရုံးပိတ်၊ ကျောင်းပိတ်ရက်ဖြစ်သော်လည်း ပုံမှန်ခရီးသွား နည်းမြဲအတိုင်းပင်ရှိနေကြောင်း မုံရွာဘူတာရုံပိုင်ကြီးကဆိုသည်။

"မုံရွာကနေ ခရီးစဉ် သုံးကြောင်းပြေးတာ မုံရွာ-မန္တလေးဆို ၁၀ ဦးလောက်ရှိတာပါ။ ပခုက္ကူကတော့ ၃၀ လောက်ရှိပြီး ခင်ဦး ခရီးစဉ်ကတော့ ၁၀၀ လောက်ရှိပါတယ်။ နေ့စဉ်အရှုံးနဲ့ပြေးနေရတာပါ။သီတင်းကျွတ် ရုံးပိတ်၊ ကျောင်းပိတ်ကာလရယ်လို့ ရထားကို ပိုစီးလာတာမတွေ့ရပါဘူး" ဟု ရုံးပိုင်ကြီးကပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် တီးတိန်-ရိခေါဒါရ်လမ်း အတက်-အဆင်း တစ်ရက်စီ သတ်မှတ်၍ယာဉ်များညပိုင်းဖြတ်သန်းခွင့်ခေတ္တရပ်ဆိုင်း

**တီးတိန် အောက်တိုဘာ ၅**

ချင်းပြည်နယ် ခိုင်ကမ်း-တီးတိန်-ရိခေါဒါရ်မြို့ကိုဆက်သွယ်ထားသည့် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းပျက်စီးနေသည့်အတွက် ကုန်တင်ယာဉ်များ အတက်အဆင်း တစ်ရက်စီအလှည့်ကျသတ်မှတ်၍ ညပိုင်းဖြတ်သန်းသွားလာခွင့် ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းချင်းပြည်နယ်လမ်းဦးစီးဌာနမှ ကြိုတင်အသိပေးနှိုးဆော်ချက်အရ သိရသည်။

တီးတိန်မြို့နယ် ခိုင်ကမ်း-ရိခေါဒါရ်မြို့အကြား ကားလမ်းပေါ်ရှိတီးတိန်-ရိခေါဒါရ်အကြား ကားလမ်းသည် ၃၂ မိုင် သုံးဖာလုံရှိပြီးယင်းလမ်းပေါ်ရှိ ဟိုင်မွာလ်ကျေးရွာသစ်နှင့် ဟိုင်မွာလ်ကျေးရွာဟောင်းအကြားသည် ကားတစ်စီးစာသာသွားလာ၍ရသည့်လမ်းဖြစ်ခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းပြီး လမ်းသားများပျက်စီးခြင်းတို့ကြောင့် ယာဉ်များသွားလာမှုမကြာ ခဏပိတ်မိခဲ့ကြောင်း ဒေသခံယာဉ်မောင်းများကပြောဆိုသည်။

ချင်းပြည်နယ် တီးတိန်- ရိခေါဒါရ်လမ်းပိုင်းနှင့် ဖလမ်း-ရိခေါဒါရ်လမ်းများ၏ လမ်းပိုင်းအချို့တွင် လမ်းများဆိုးရွားစွာ ပျက်စီးလျက်ရှိရာ ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ၁၅ ရက်ကြာ လမ်းများ အကြီးစားပြုပြင်ခဲ့ရာမှ လမ်းများကြံ့ခိုင်မှုနှင့် လမ်းချောမွေ့မှုပိုမိုကောင်းမွန်စေရန်အတွက် လမ်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ နေ့ရော ညရောပါ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သဖြင့် ခိုင်ကမ်း-တီးတိန်-ရိခေါဒါရ်မြို့လမ်းပိုင်းအား အောက်တိုဘာ ၃ ရက်မှပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် ည ၇ နာရီမှ နောက်တစ်နေ့ နံနက် ၇ နာရီအထိ ဟိုင်မွာလ်ဂျစ်ကားများအပါအဝင် ကုန်တင်ယာဉ်များအား ညပိုင်းဖြတ်သွားခွင့် ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ အဆိုပါယာဉ်များအား အောက်တိုဘာ ၃ ရက်မှစ၍ 'မ' ဂဏန်းရက်များတွင် ခိုင်ကမ်း-တီးတိန်-ရိဒ်ခေါဒါရ်မြို့သို့ အတက်ပိုင်းလမ်းကြောင်းအားလည်းကောင်း၊ အောက်တိုဘာ ၄ ရက်မှစ၍ 'စုံ'ဂဏန်းရက်များတွင် ရိခေါဒါရ်-တီးတိန်-ခိုင်ကမ်းမြို့သို့အဆင်းပိုင်းလမ်းကြောင်းအားလည်းကောင်း ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း၊ လူစီးသီးသန့်ခရီးသည်တင်ယာဉ်ငယ်များအား ပုံမှန်အတိုင်းဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ချင်းပြည်နယ်လမ်းဦးစီးဌာနမှ ကြိုတင်အသိပေး နှိုးဆော်ထားခြင်းဖြစ်သည်။

ခရီးသည်တင်မော်တော်ယာဉ်များကိုမူ အတက်အဆင်းသတ်မှတ်မထားဘဲ နေ့စဉ်သွားလာခွင့်ပေးမည်ဖြစ်ပြီး ကားအသွားအလာပိတ်ဆို့မှုမရှိရေးအတွက် ည ၇ နာရီမှ နံနက် ၇ နာရီအတွင်းသာ လမ်းပြင်ဆင်မည်ဖြစ်၍ ညပိုင်းတွင်မူ လမ်းပိတ်ထားမည်ဖြစ်ကြောင်း၊ အရေးပေါ်သွားလာမှုအတွက် လမ်းဦးစီးဌာနမှ ကား ၁၀ စီးကို အဆင်သင့်ထားရှိမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်လုပ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ခိုင်ကမ်း-ရိခေါဒါရ်လမ်းသည် ၈၅ မိုင်ကျော်ရှည်လျားပြီး မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူးကုန်သွယ်ရေးကားလမ်းပြီးလျှင် ဒုတိယကုန်သွယ်မှုအများဆုံးပြုလုပ်သည့် လမ်းဖြစ်ကြောင်းသိရသည်။

**ဇိုဟေဆာ**

# တောင်သူလယ်သမားများ၏ နောင်ရေးစိတ်အေးရစေရန် တောင်သူလယ်သမား အသက်အာမခံ ဝန်ဆောင်မှု ထားရှိနိုင်ပြီ

တွေ့ဆုံမေးမြန်း–ခင်ဇာလီ၊ ဓာတ်ပုံ–ကျော်မျိုးဆွေ

**တောင်သူလယ်သမားများနှင့် မိသားစုဝင်များ၏ ခိုင်မာသော ဘဝအာမခံချက်ရရှိစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် တစ်ဖက်တစ်လမ်းမှ ဆေးဝါးကုသမှုကုန်ကျစရိတ်ကို ပံ့ပိုးပေးနိုင်ရန်၊ မတော်တဆ အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့ပါက ကျန်ရစ်သူမိသားစုများကို ငွေကြေးအထောက်အကူရရှိစေရန်နှင့် နစ်နာဆုံးရှုံးမှုမရှိပါကလည်း နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှစတင်ကာ မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။**

**အဆိုပါဝန်ဆောင်မှုနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်စန္ဒာဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်သည်။**



jrefmhtmrcHvkyfief;rS OD;aqmifnTefMum;a&;rSL; a'gufwm a'gpE´mO;D

**မေး။ ။ တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းကို မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ အရင်က ဆောင်ရွက်ခဲ့ဖူးတာရှိရင် ဦးစွာ သိချင်ပါတယ်ရှင်။**

ဖြေ။ ။ မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ တောင်သူလယ်သမားအသက်အာမခံလုပ်ငန်းကို ၁၉၈၀ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းခဲ့ရတယ်။ ဆောင်ရွက်ခဲ့တဲ့ ရှစ်နှစ်အတွင်းမှာ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ မြန်မာ့အာမခံလုပ်ငန်းက ဝန်းထမ်းတွေကိုလည်း တောင်သူလယ်သမားတွေဆီကို တိုက်ရိုက်ထိတွေ့စေပြီး တောင်သူတွေကိုယ်တိုင် သဘောပေါက်နားလည်မှုနဲ့ တောင်သူတစ်ဦးချင်းစီရဲ့ဆန္ဒအရ ဆရာမကြီးတို့ လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။တောင်သူလယ်သမား အသက်အာမခံဆိုတာ ဘယ်လိုအသက်အာမခံအမျိုးအစားဖြစ်တယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။တောင်သူလယ်သမားအသက်အာမခံဆိုတာ တောင်သူလယ်သမားတွေနဲ့မိသားစုဝင်တွေအတွက် တစ်နှစ်ချင်းထားနိုင်တဲ့ (Term Life) အသက်အာမခံအမျိုးအစားဖြစ်ပါတယ်။

**မေး။ ။ တောင်သူလယ်သမားအသက်အာမခံကို ဘယ်လိုလူတွေထားရှိနိုင်မလဲဆိုတာ သိချင်ပါတယ် ဆရာမကြီးရှင့်။**

ဖြေ။ ။အသက် (၁၆) နှစ်ကနေ (၆၀) အတွင်း တောင်သူလယ်သမားတွေ၊ သူတို့ရဲ့မိသားစုဝင်တွေ၊ ဆွေမျိုးတော်စပ်သူတွေ၊ လယ်ယာလုပ်ငန်းအတူလုပ်ကိုင်သူတွေနဲ့ အခြားဆက်စပ်သူတွေပါ (ဥပမာ-မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ဆန်စက်လုပ်ကိုင်သူ၊ ဆီစက်လုပ်ကိုင်သူ၊ သီးနှံရောင်းဝယ်ဖောက်ကားသူတွေ) တောင်သူလယ်သမားအသက်အာမခံကို ထားရှိနိုင်ပါတယ်။

**မေး။ ။တောင်သူတွေအနေနဲ့ ဒီအသက်အာမခံကို လျှောက်မယ်ဆိုရင် မြန်မာ့အာမခံလုပ်ငန်းကို ပရီမီယံကြေး ဘယ်လောက်သွင်းရမှာလဲ။ ပြီးတော့ ဒီအသက်အာမခံက တောင်သူတွေအတွက် ဘယ်လိုအကျိုးခံစားခွင့်ပေးနိုင်မလဲဆိုတာ ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။တောင်သူလယ်သမား အသက်အာမခံအတွက် ကျသင့်တဲ့ ပရီမီယံနှုန်းက အာမခံထားရှိငွေရဲ့ တစ်ရာခိုင်နှုန်းသာ ဖြစ်ပါတယ်။ ကျပ် တစ်သိန်းမှာ ၁၀၀၀ ကျပ်ပဲ လစဉ် ပေးသွင်းရမှာဖြစ်သလို အာမခံထားငွေကိုအနည်းဆုံး ကျပ်တစ်သိန်းကနေ ကျပ်သိန်း ၅၀ ထိ ထားရှိနိုင်တယ်။ အကျိုးခံစားခွင့်တွေအနေနဲ့ အာမခံထားသူ သေဆုံးသွားခဲ့ရင် အာမခံထားငွေအတိုင်းထားရှိတဲ့ ငွေပမာဏကို တစ်လုံးတည်း အကျိုးခံစားခွင့်ရှိသူကရရှိမှာပါ။

အမြဲတမ်း မသန်မစွမ်းဖြစ်ရင်လည်း အာမခံထားငွေအတိုင်း ရရှိမယ့်ငွေပမာဏကို တစ်လုံးတည်း ရမှာပါ။ မတော်တဆ ထိခိုက်မိလို့ ဒဏ်ရာရခဲ့ရင်လည်း ဆရာဝန်ရဲ့ထောက်ခံချက်ပေါ် အခြေခံပြီး သတ်မှတ်ထားတဲ့ အာမခံငွေပေါ်မှာ ရရှိမယ့် လျော်ကြေးရာခိုင်နှုန်း ၆၉ မျိုးအပြင် ဖော်ပြထားတဲ့အချက်တွေမှာ မပါဝင်တဲ့ ဒဏ်ရာတွေအတွက်လည်း ဆရာဝန်မှတ်ချက်ပါအတိုင်း ပေးလျော်ပေးမှာ ဖြစ်ပါတယ်။

တောင်သူတွေအနေနဲ့ တောင်သူလယ်သမား အသက်အာမခံထားရင် မမျှော်မှန်းနိုင်တဲ့ မတော်တဆကြောင့် ထိခိုက်ဒဏ်ရာရလာခဲ့မယ်ဆိုရင် ဆေးရုံတက်စရိတ်အနေနဲ့ ဥပမာ-တောင်သူတစ်ဦးက တစ်နှစ်အတွက် ပရီမီယံကြေး ၅၀၀၀၀ ကျပ် ပေးသွင်းထားတယ်ဆိုပါစို့။ ဒါဆိုရင် တစ်ရက်ကို ၁၀၀၀၀ နှုန်းနဲ့ တစ်ကြိမ်ကို ငါးရက်အထိ သုံးကြိမ်ခံစားခွင့်ရနိုင်တော့ ကျပ် ၁၅၀၀၀၀ အထိရရှိနိုင်ပါတယ်။

**မေး။ ။အကျိုးခံစားခွင့်ကိုကော လွှဲပြောင်းယူလို့ရလား သိချင်ပါတယ် ဆရာမကြီး ပြောပြပေးပါဦး။**

ဖြေ။ ။တောင်သူလယ်သမား အသက်အာမခံထားဖို့ အဆိုပြုထားတဲ့သူက အကျိုးခံစားခွင့်ကို တစ်ဦးတည်း ဒါမှမဟုတ် တစ်ဦးထက်ပိုပြီးတော့ ရာခိုင်နှုန်းအချိုးအစားအလိုက် လွှဲပြောင်းပေးနိုင်တယ်။ ပြီးတော့ အာမခံသက်တမ်းအတွင်းမှာ အာမခံထားသူအနေနဲ့ အကျိုးခံစားခွင်ရှိတဲ့သူကို ပြင်ဆင်လွှဲပြောင်းပေးလို့လည်း ရပါတယ်။

**မေး။ ။တောင်သူတွေအနေနဲ့ နစ်နာကြေးကို ဘယ်လိုတောင်းခံရမလဲ။ အချိန်ကကော ဘယ်လောက်ကြာနိုင်ပါလဲ။**

ဖြေ။ ။တောင်သူတွေအနေနဲ့ နစ်နာကြေးကို သတ်မှတ်ထားတဲ့ အကျိုးခံစားခွင့်ပုံစံနဲ့ တောင်းခံရမှာဖြစ်ပါတယ်။ ဖြစ်ရပ်မှန်ကန်တယ်ဆိုရင် အကျိုးခံစားခွင့်ကို ကာယကံရှင် ဒါမှမဟုတ် အကျိုးခံစားခွင့်ရှိသူက လိုအပ်ချက်တွေ ပြည့်စုံရင် တစ်ပတ်အတွင်း ဆရာမကြီးတို့ဘက်က အမြန်ဆုံးပေးလျော်ပေးမှာ ဖြစ်ပါတယ်။ အချိန်ကြန့်ကြာမှုမရှိစေဘဲ ကာယကံရှင်တွေကို ဆက်သွယ်ပြီး အမြန်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။တောင်သူတွေအနေနဲ့ တောင်သူ လယ်သမား အသက်အာမခံထားရှိမယ်ဆိုရင် ဘယ်နေရာတွေကနေ ဆောင်ရွက်နိုင်မလဲ သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်နဲ့ ပြည်နယ်၊ တိုင်းဒေသကြီးတွေနဲ့ ခရိုင်ရုံးခွဲ ၃၉ ရုံးမှာ တိုက်ရိုက်ထားရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာ့အာမခံလုပ်ငန်းက အသိအမှတ်ပြုအာမခံကိုယ်စားလှယ်တွေဖြစ်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီ၊ လယ်ယာလုပ်ငန်းနဲ့ ဆက်စပ်၍ ပစ္စည်းရောင်းချတဲ့ အဖွဲ့အစည်းတွေ (ဥပမာ-ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာရောင်းချတဲ့ ကုမ္ပဏီတွေ)ကတစ်ဆင့် ထားရှိနိုင်ပါတယ်။

**မေး။ ။တောင်သူလယ်သမား အသက်အာမခံထားဖို့ ဘာတွေလိုအပ်မလဲရှင့်။**

ဖြေ။ ။တောင်သူလယ်သမားအသက်အာမခံထားဖို့ အဆိုပြုတဲ့သူက မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းသူ ဖြစ်ရမယ်။ သက်သေအထောက်အထားအတွက် မှတ်ပုံတင်မိတ္တူ ပေးဖို့လိုအပ်ပါတယ်။

**မေး။ ။နောက်ဆုံးအနေနဲ့ ဆရာမကြီး ဖြည့်စွက်ပြောချင်တာများရှိရင် ပြောပေးပါ။**

ဖြေ။ ။တောင်သူလယ်သမားအသက်အာမခံက တောင်သူလယ်သမားတွေအပြင် သူတို့ရဲ့မိသားစုဝင်တွေ၊ ဆွေမျိုးတွေအတွက် ခိုင်မာတဲ့ ဘဝအာမခံချက်ရှိအောင် ပံ့ပိုးပေးမယ့် အာမခံအမျိုးအစားဖြစ်ပါတယ်။ မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ မိမိရဲ့မိသားစုဝင်တွေအတွက်သော်လည်းကောင်း၊ အနာဂတ်စိတ်အေးစေတဲ့ အသက်အာမခံအမျိုးအစားဖြစ်တဲ့အတွက် တောင်သူလယ်သမားအသက်အာမခံ အကာအကွယ်ကို အမြန်ဆုံးယူကြဖို့ တိုက်တွန်းလိုပါတယ်။ ။

---

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားလှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် အောက်တိုဘာ ၅**

ကယားပြည်နယ်တွင် ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရေးမိသားစုဝင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသူ ကျောင်းသားတယောအဖွဲ့တို့က ယနေ့ဒို့ဆရာများသို့ သီချင်းဖြင့် တီးခတ်သီဆို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကယားပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမော်မော်က အဖွင့်အမှာ စကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ လက်အောက်ခံ အဖွဲ့ကြီး (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့လာသော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို ကယားပြည်နယ် ပညာရေးမှူး ဦးစောအယ်ဒိုဝါးက ဖတ်ကြားတင်ပြသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးမှ ကမ္ဘာ့ဆရာများနေ့တွင် ဆရာကြီး ဆရာမကြီးများအား ကန်တော့ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်များပေးအပ်ကြသည်။ ၎င်းနောက် ကန်တော့ခံဆရာကြီးများကိုယ်စားပြည်နယ်ပညာရေးမှူး အငြိမ်းစား ဆရာကြီး ဦးခင်မောင်ကိုက ဩဝါဒစကားနှင့် ဆုပေးစကား ပြန်လည်ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ဆရာမနော်ဖောရှာနှင့် တယောအဖွဲ့တို့က မြတ်ဆရာသီချင်းဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်းသိရသည်။

**ပြည်နယ်ပြန်/ဆက်**



---

# ချင်းတွင်းမြစ်အတွင်း ငါးမျိုးခုနစ်သောင်းခန့်စိုက်ထည့်

**ဟုမ္မလင်း အောက်တိုဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီက ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့ရှိ မြို့မဆိပ်ကမ်းနေရာတွင် အောင်မြင်စွာ ကျင်းပခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဟရဲကုန်ထံမှသိရသည်။

ထို့သို့ ချင်းတွင်းမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးမှုနှင့် ပတ်သက်၍ "ငါးသယံဇာတများတိုးပွားစေရေးအတွက် အလေးထားရည်ရွယ်ပြီး မြက်စားငါး ၅၀၀၀၊ ခေါင်းကြီးငါး ၅၀၀၀၊ရွှေဝါငါးကြင်း ၉၀၀၀၊ ငါးမြစ်ချင်းငါး ၂၁၀၀၀နှင့် ထိုင်းငါးခုံးမ ၃၀၀၀၀ စုစုပေါင်း ငါးအကောင်ရေ ၇၀၀၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကမိမိတို့ဌာနမှဝန်ထမ်းများနှင့်အတူ စုစုပေါင်း အင်အား ၅၀၀ ကျော်က စုပေါင်းစိုက်ထည့်ပေးခြင်းအတွက် အထူးဝမ်းသာကျေးဇူးတင်ပါကြောင်း ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးဟရဲကုန်က ပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## မြန်မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ် ဘယ်လိုလျှော့ချသွားနိုင်မလဲဆိုတာ ကမ္ဘာကိုပြောပြမယ့် အလှမယ် တင်စန္ဒာမျိုး



**ရန်ကုန် အောက်တိုဘာ ၅**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတိုးမြှင့်လုပ်ဆောင်လာစေရန်နဲ့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လူအများ ပါဝင်လာစေရန်ရည်ရွယ်ကျင်းပတဲ့ Miss Earth Myanmar 2017 ပြိုင်ပွဲမှာ သရဖူရရှိထားတဲ့ အလှမယ် တင်စန္ဒာမျိုးဟာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပမယ့် Miss Earth ပြိုင်ပွဲကို မကြာခင် သွားရောက်ယှဉ်ပြိုင်တော့မှာဖြစ်ပါတယ်။

အဲဒီပြိုင်ပွဲနဲ့ပတ်သက်ပြီး တင်စန္ဒာမျိုးက "ညီမဘက်ကတော့ အစွမ်းကုန်ကြိုးစားထားပါတယ်။ ပထမဆုံးအနေနဲ့ နိုင်ငံတကာပြိုင်ပွဲမှာ ဝင်ပြိုင်ရတာဆိုတော့ စိတ်လှုပ်ရှားမိတယ်။ ကိုယ်ရည်ကိုယ်သွေးအနေနဲ့ သီချင်းဆိုတာဝါသနာပါတယ်။ ပထမတော့ရိုးရာအက ကမလို့၊ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အဆိုပိုင်းနဲ့ပဲ ပါဝင်သွားမယ်။ သူ့ရဲကောင်းဝတ်စုံကို ပုပ္ပားဘက်က ဘီလူးခေါင်းနဲ့စီစဉ်ထားတယ်။ ဝတ်စုံကတော့ ထွက်မလာသေးဘူး။ ပန်းတွေစားတဲ့ ဘီလူးမပေါ့။ ဒါပေမယ့် အဲဒီ ဘီလူးမက သူ့နယ်တစ်ဝိုက်ကို ကောင်းကျိုးပေးတယ်။ သာယာဝပြောအောင် လုပ်ပေးတယ်။ အဲဒီအကြောင်းလေး နောက်ခံထားပြီး ပြင်ဆင်ထားတယ်။ သူ့ရဲကောင်းဝတ်စုံကလည်း နိုင်ငံတကာပြိုင်ပွဲနောက်ဆုံးညမှာဆိုရင် အဖွင့်ဝတ်စုံနဲ့ ထွက်ရမှာဆိုတော့ မြန်မာပြည်ရဲ့သမိုင်းထဲက သူ့ရဲကောင်းမဆိုတဲ့ ခေါင်းစဉ်လေးရွေးချယ်ဖြစ်ပါတယ်။ ဝင်ပြိုင်တဲ့အခါမှာ ပြောသွားမှာက အဓိကက ရာသီဥတုပြောင်းလဲမှုပါ။ ဘာလို့ရာသီဥတုပြောင်းလဲနေလဲ၊ မြန်မာပြည်မှာ သဘာဝဘေးအန္တရာယ် ဘယ်လိုလျှော့ချသွားနိုင်မလဲ၊ ရာသီဥတုပြောင်းလဲမှုတွေ ရပ်တန့်အောင် ဘယ်လိုလုပ်မလဲ၊ လူသားတွေဘယ်လိုပါဝင်မလဲ။ သဘာဝပတ်ဝန်းကျင်ကို လူသားတွေက ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုတယ်ဆိုတဲ့ မက်ဆေ့ချ်လေး ချပြသွားမှာပါ"လို့ ပြောခဲ့ပါတယ်။

ပြိုင်ပွဲကို နိုင်ငံပေါင်းကိုးဆယ်ကျော်မှအလှမယ်တွေ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၄ ရက်မှာ ကျင်းပမှာဖြစ်ပါတယ်။ အဆိုပါပြိုင်ပွဲသို့ တင်စန္ဒာမျိုးက အောက်တိုဘာ ၇ ရက်မှာ မြန်မာနိုင်ငံမှ စတင်ထွက်ခွာမှာဖြစ်ကြောင်း သိရပါတယ်။

**(ဇာနည်မောင်)**

## မြန်မာအမျိုးသမီးငယ်များ Miss ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှု ပိုမိုများပြားလာ

**ရန်ကုန် အောက်တိုဘာ ၅**

နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ခေါင်းစဉ်အလိုက် ရွေးချယ်ကျင်းပနေသော Miss ပြိုင်ပွဲများတွင် မျိုးဆက်သစ် မြန်မာအမျိုးသမီးငယ်လေးများ၏ ဝင်ရောက်ယှဉ်ပြိုင်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း Miss Universe Myanmar Organization မှ မစိုးယုဝေက ပြောသည်။

"မြန်မာနိုင်ငံမှာကလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မြို့ကြီးတွေမှာ Miss ပွဲတွေ ကျင်းပလာတဲ့အပေါ် ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ညီမငယ်လေးတွေကလည်း ပြိုင်ပွဲတွေရဲ့ အကြောင်းကို ပိုသိလာကြပါတယ်။ သူတို့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေလည်း လုပ်ထားတာတွေ့ရပြီး တစ်ဦးနဲ့တစ်ဦး သူ့ထက်ငါ ကိုယ်ရည်ကိုယ်သွေးပိုင်း၊ ခန္ဓာကိုယ်အလှ၊ ကိုယ်နေဟန်၊ အပြောအဆိုတွေကအစ ပြိုင်ဆိုင်မှုတွေ ပိုမိုပြင်းထန်လာတာကိုတွေ့ရပါတယ်။ သူတို့ကလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုယ်စားပြုအဖြစ် ရွေးချယ်ခံရသူတွေဆိုတော့ ဒေသအလိုက် မြို့ခံအင်အားတွေ၊ နယ်ခံအင်အားတွေရဲ့ အားပေးမှုတွေရှိလာပါတယ်။ ပြီးတော့ သူတို့ကိုယ်တိုင် စိတ်ဝင်စားမှုတွေရှိနေပြီး တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်မှုတွေက ပိုပြီးမြင့်တက်လာတာကို တွေ့ရတယ်။ ဒ့ါအပြင် ဝင်ရောက်ယှဉ်ပြိုင်တဲ့ မြို့တွေလည်းများလာတော့ အလှမယ်အရေအတွက်ကလည်း ယခင်ထက် ပိုမိုများလာပါတယ်" ဟု ၎င်းက ထပ်မံပြောကြားသည်။

Miss ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော အလှမယ်များသည် နိုင်ငံကိုယ်စားပြု သရဖူ ရရှိပြီဆိုသည်နှင့် သာမန်အမျိုးသမီးငယ်များနည်းတူ ပြုမူနေထိုင်ပြောဆိုမှု၊ ကိုယ်နေကိုယ်ဟန်၊ စိတ်ဓာတ်ရေးရာမှအစ အားလုံးပြောင်းလဲကာ နေထိုင်ရ၍ တာဝန်ကြီးကြောင်း၊ အလှမယ်တစ်ဦး၏ ခံယူချက်၊ စိတ်အားထက်သန်မှုနှင့် လုံ့လဝီရိယပေါ်တွင် မူတည်ကာ ကမ္ဘာ့နိုင်ငံများအလယ်၌ မြန်မာအမျိုးသမီးငယ်များ၏ ပုံရိပ်ကို ထင်ဟပ်စေရမည်ဖြစ်သဖြင့် အရေးကြီးကြောင်း Miss Universe Myanmar Organization မှ သိရသည်။

ယခုအခါတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်နိုင်စေရန်အတွက် Miss Universe Myanmar၊ Miss Myanmar World၊ Miss Golden Land Myanmar၊ Miss Grand Myanmar အစရှိသည့် ပြိုင်ပွဲများအား နှစ်အလိုက် ကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သော အလှမယ်များသည် ပြိုင်ပွဲ၏အတွေ့အကြုံကောင်းများရရှိခြင်း၊ စခန်းသွင်းလေ့ကျင့်ခြင်းနှင့် ပြည်ပပညာရှင်များ၏ အလှအပဆိုင်ရာ သင်တန်းများကို တက်ရောက်ခွင့်ရရှိသည့်အတွက် အသိပညာဗဟုသုတများရရှိခြင်း၊ တစ်နိုင်ငံလုံးမှ လာရောက်ယှဉ်ပြိုင်ကြသော အလှမယ်များအကြား မိတ်ဆွေသူငယ်ချင်းများရရှိခြင်း၊ ပါဝင်ပံ့ပိုးပေးသည့် ကုမ္ပဏီကြီးများသို့ သွားရောက်လေ့လာခွင့်ရရှိသည့်အတွက် အကျိုးရလဒ်ကောင်းများရရှိသည့်အပြင် Miss ပြိုင်ပွဲများမှ အနုပညာလောကသို့ ဝင်ရောက်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**(ပွင့်သစ္စာ)**



## TWICE ရဲ့ တေးသီချင်းသစ်တရားဝင်မထုတ်လွှင့်မီ အွန်လိုင်းပေါ်မှာ ပျံ့နှံ့

လက်ရှိမှာ တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံး အမျိုးသမီးတေးဂီတအဖွဲ့လို့ဆိုနိုင်တဲ့ TWICE ရဲ့ တေးအယ်လ်ဘမ်သစ်ကို ယခုလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ရာ ယင်းတေးအယ်လ်ဘမ်သစ်ကို တရားဝင်စတင်ထုတ်လွှင့်ခြင်းမပြုမီ လတ်တလောမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ဂျပန်ပရိသတ်တွေအတွက် ရည်ရွယ်ထားကာ ဂျပန်ဘာသာနဲ့ ထုတ်လုပ်ခဲ့တာဖြစ်ပြီး လာမယ့်အောက်တိုဘာ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ "One More Time" လို့အမည်ရတဲ့ တေးသီချင်းကို တရားဝင်ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ ပျံ့နှံ့လာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

မကြာသေးမီက "One More Time" တေးသီချင်းအပြည့်အစုံကို အွန်လိုင်းမီဒီယာတစ်ခုပေါ်မှာ လွှင့်တင်ခဲ့တာကို တွေ့ခဲ့ရပြီး အဲဒီနောက်မှာတော့ အခြားသောအွန်လိုင်းမီဒီယာတွေပေါ်မှာပါ ပျံ့နှံ့ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် YouTube ရဲ့ တေးဂီတဝက်ဘ်ဆိုက်ပေါ်မှာပါ မျှဝေမှုတွေရှိလာခဲ့တာဖြစ်ပြီး လတ်တလောမှာတော့နိုင်ငံအချို့မှာ YouTube ပေါ်မှာ ကူးယူဖော်ပြခြင်းကို ပိတ်ပင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ အဆိုပါတေးသီချင်းသစ်ဟာ ပရိသတ်တော်တော်များများရဲ့ လက်ထဲကို ရောက်ရှိနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

## ရုပ်ရှင်ထူးချွန်ဆုပေးပွဲနှစ်ခုမှာ မျက်နှာသစ်သရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းဝင်ထားတဲ့ ယွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ယွန်နဟာ တေးဂီတလှုပ်ရှားမှုတွေလုပ်ဆောင်ရင်းက သရုပ်ဆောင်နယ်ပယ်ဘက်ကို ခြေချချိန်မှာလည်း အောင်မြင်တာကို တွေ့ရပါတယ်။ သရုပ်ဆောင်သက်တမ်းနုနယ်ချိန်မှာပင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရလာခဲ့ပြီး ယခုနှစ်အတွင်းမှာတော့ ရုပ်ရှင်တွေနဲ့ ဇာတ်လမ်းတွဲတွေများစွာ ရိုက်ကူးလာခဲ့တာဖြစ်ပါတယ်။ ဒေသတွင်းရုပ်သံဇာတ်လမ်းတွဲတွေမှာသာမက အခြားနိုင်ငံတွေနဲ့ ပေါင်းစပ်ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တွေမှာပါ ခေါင်းဆောင်ပါဝင်ခဲ့ပြီး ယခုလအတွင်း ကျင်းပသွားမယ့် တောင်ကိုရီးယားရုပ်ရှင်ထူးချွန်ဆုပေးပွဲနှစ်ပွဲမှာ အကောင်းဆုံးမျက်နှာသစ်သရုပ်ဆောင်ဆုအတွက် ဆန်ခါတင်စာရင်းမှာ ထည့်သွင်းဖော်ပြခြင်းခံထားရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ ယွန်နဟာ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ သူ့ရဲ့ရုပ်ရှင် "Cooperation"နဲ့ ဆန်ခါတင်စာရင်းတွေမှာ ပါဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ပွဲဦးထွက်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Cooperation"မှာ မင်းသားဟွန်ဘင်းနဲ့ ယိုဟေးဂျင်တို့နဲ့အတူ ပါဝင်ထားတာဖြစ်ပြီး လာမယ့် အောက်တိုဘာ ၂၅ ရက်မှာ ကျင်းပသွားမယ့် (၅၄)ကြိမ်မြောက် ဒေဂျွန်းရုပ်ရှင်ဆုပေးပွဲနဲ့ အောက်တိုဘာ ၂၇ ရက်မှာ ကျင်းပသွားမယ့် ဆိုးလ်ဆုပေးပွဲတွေမှာ အကောင်းဆုံးမျက်နှာသစ်သရုပ်ဆောင်ဆုအတွက် လျာထားခြင်းခံထားရတာဖြစ်တယ်လို့ သိရပါတယ်။

## လတ်စ်ဗီးဂတ်စ်တိုက်ခိုက်မှုမှာ ထိခိုက်ခဲ့ရတဲ့သူတွေအတွက် "The Climb" ကိုခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မိုင်လီဆိုင်းရပ်စ် ပြန်လည်သီဆို

ပေ့ါပ်ကြယ်ပွင့်မိုင်လီဆိုင်းရပ်စ်က နောက်ဆုံးပြုလုပ်ခဲ့တဲ့ သူ့ရဲ့ရုပ်သံဖျော်ဖြေပွဲမှာတော့ စင်မြင့်ပေါ်မှာ ဖျော်ဖြေခဲ့ခြင်းမရှိတာ ခြောက်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်တဲ့ သူ့ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့"The Climb"ကို သီဆိုဖျော်ဖြေခဲ့ကာ ပြီးခဲ့တဲ့အောက်တိုဘာ ၁ ရက်က လတ်စ်ဗီးဂတ်စ်က ဖျော်ဖြေပွဲမှာ သေနတ်နဲ့ ပစ်ခတ်မှုအတွင်း သေဆုံးဒဏ်ရာရခဲ့သူတွေအတွက် ဝမ်းနည်းကြောင်း ထုတ်ဖော်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ခေတ်သစ်အမေရိကန်သမိုင်းမှာ ထိတ်လန့်စရာအကောင်းဆုံး တိုက်ခိုက်ခံရမှုတစ်ခုလို့ဆိုနိုင်တဲ့ လတ်စ်ဗီးဂတ်စ်တိုက်ခိုက်မှုမှာ လူပေါင်း ၅၉ ဦးခန့် သေဆုံးခဲ့ကာ ဒဏ်ရာရသူဦးရေဟာလည်း ၅၀၀ ကျော်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလိုသေဆုံးခဲ့ရတဲ့သူတွေနဲ့ ထိခိုက်ဒဏ်ရာရခဲ့သူတွေနဲ့ မိသားစုတွေအတွက် နှစ်သိမ့်အားပေးလိုတဲ့ မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ဝမ်းနည်းမှုတွေကို ဖော်ပြဖို့အတွက် ပြီးခဲ့တဲ့ ရုပ်သံဖျော်ဖြေပွဲမှာ ၂၀၀၉ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ သူ့ရဲ့နာမည်ကျော်တေးသီချင်း "The Climb"နဲ့အတူ ဒစ်တိုရဲ့ တေးသီချင်း "No Freedom"ကို သီဆိုခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ လက်ရှိမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ် "Younger Now"ကို စတင်ထုတ်လွှင့်နေပြီဖြစ်ရာ တေးသီချင်းတွေကို တစ်ပုဒ်ချင်းစီ သီးခြားထုတ်လွှင့်ပေးနေတာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်း ငါးပုဒ်ထုတ်လွှင့်ခဲ့ပြီးဖြစ်ပေမယ့် ပြီးခဲ့တဲ့ဖျော်ဖြေပွဲမှာတော့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေခဲ့ခြင်းမရှိဘဲ ဝမ်းနည်းမှုတွေကို ဖော်ပြဖို့အတွက် "The Climb" ကို ပြန်လည်သီဆိုဖျော်ဖြေပေးခဲ့တာလည်း ဖြစ်ပါတယ်။



**အေးပြည့် ရေးသားသည်**


# မမှန်မကိုက် အစုံလိုက်မျက်စိကွယ်စေသောရောဂါ

**ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)**

'အမြင်သန်စွမ်း၊ တို့အခွင့်အလမ်း၊ ၂၀၂၀ အရောက်လှမ်း' နိုင်ရန် သုံးနှစ်မျှပင်မလိုတော့သော အချိန်တွင် နေ့စဉ်နှင့်အမျှ အလင်းရောင်ပင် မမြင်ရတော့သော၊ အလင်းရောင်မြင်သော်လည်း စမ်းတဝါးဝါးသွားရန်ပင် မလွယ်လောက်အောင် မြင်ကွင်းကျဉ်းနေသောလူနာများ မကြာခဏတွေ့ကြုံနေရသည်။ မည်သူမျှသူတို့၏ အမြင်အာရုံကို တိုးတက်အောင် လုပ်မပေးနိုင်သဖြင့် နိုင်ငံခြားမှာပင် ကုသ၍မရနိုင်သော အခြေအနေ လက်မှိုင်ချကာနေရသောခံစားချက်ကြောင့် ဤဆောင်းပါးကို အရေးပေါ်ရေးမိခြင်းဖြစ်ပါသည်။

ဘာဖြစ်လို့စောစောစီးစီးလာမပြတာလဲဟုမေးသောအခါ မျက်စိကိုက်တာ၊ နီတာ၊ မှုန်တာ ဘယ်လိုမှမဖြစ်တော့ မျက်မှန်ပါဝါလေးစမ်းရင်း၊ သည်လိုပဲနေရင်းနဲ့ ဖြစ်သွားတာပဲဟုဖြေကြ၏။ တချို့ကျတော့လည်း မျက်မှန်မှန်မှန်စမ်းသော်လည်း၊ မျက်စိရေချိန်တိုင်းခြင်း၊ ဆီးချိုသွေးချို ရှိ-မရှိ စစ်ရကောင်းမှန်းမသိ၍ မစစ်ခြင်းတို့ကြောင့် ကြိုတင်မသိခဲ့ကြခြင်းဖြစ်သည်။ ကြိုတင်မသိ၍ မကာကွယ်နိုင်ခဲ့ကြ။ တချို့ကျတော့လည်း ရေတိမ်ရှိမှန်းသိ၍ ဆရာဝန်မှန်မှန်ပြပြီး ရေချိန်မှန်မှန်တိုင်းသော်လည်း၊ ရေချိန်တိုင်းတိုင်း ပုံမှန်ပါပဲဟု ပြောသော်လည်း ရေချိန်ပုံမှန်ရေတိမ်ရောဂါကြောင့် မျက်စိအာရုံကြောများ ပျက်စီးရခြင်းတို့ကြောင့် ဤအခြေအနေသို့ရောက်ရကြောင်းတွေ့ရပါသည်။

ရှင်းပါမည်၊ ကာကွယ်ကုသနိုင်လျက် မျက်မမြင်ဘဝရောက်စေသော ဒုတိယအဖြစ်အများဆုံး မျက်စိရောဂါမှာ ရေတိမ်ရောဂါပင်ဖြစ်ပါသည်။ ရေတိမ်ရောဂါ အမျိုးမျိုးရှိသည့်အနက် ခွဲခြားနိုင်သည်မှာ ထောင့်ကျဉ်းရေတိမ်နှင့် ထောင့်ကျယ်ရေတိမ်ပင်ဖြစ်သည်။ ထောင့်ကျဉ်းရေတိမ်တွင် မျက်စိနီခြင်း၊ ကိုက်ခြင်း၊ မှုန်ခြင်း၊ ပျို့အန်ခြင်း လက္ခဏာများ ပြလေ့ရှိသည်။ ထောင့်ကျဉ်းမှုပမာဏများလျှင်များသလို မျက်လုံးတွင်းအရည်ထွက်ပေါက် ပိတ်ဆို့မှုဖြစ်ပေါ်သည်။ ထောင့်ကျယ်ရေတိမ်တွင်မူ လက္ခဏာပြလေ့မရှိပါ။ မျက်လုံးတွင်းအရည် အပြင်သို့စစ်ထွက်သော ဆန်ခါ (Trabecular Meshwork) ကောင်းကောင်း အလုပ်မလုပ်သောကြောင့် မျက်လုံးတွင်း အရည်အပြင်သို့ လုံလောက်စွာမထွက်နိုင်သောကြောင့် မျက်လုံးတွင်းဖိအားများလာသည်။




မျက်လုံးတွင်းအရည် အပြင်သို့လုံလောက်စွာမထွက်သောအခါ မျက်လုံးတွင်းဖိအား (Intra-ocular Pressure) တက်လာသည်။ တက်လာသောဖိအားသည် မျက်လုံးတွင်းနံရံကို ပြန်ဖိသောကြောင့် မျက်စိအာရုံကြောထိပ်(Optic Nerve Head)ကို ဖိသောအခါ ပမာဏနှင့်အချိန်ပေါ်မူတည်၍ မျက်စိအာရုံကြောထိပ်ကို ခွက်စေသည်။ မြင်လွှာအာရုံကြော(Optic Disc Cupping) မှ အာရုံကြောလွှာ (Nerve Fibre Layer) ပျက်စီး၍ မျက်စိမြင်ကွင်းကို ကျဉ်းစေသည်။

မျက်စိရေချိန် ခဏခဏတက်သောအခါ အမြင်အာရုံကြောမျှင်ကလေးများ ပျက်စီးမှန်းမသိပျက်စီးလာသည်။ နာကျင်ကိုက်ခဲခြင်း၊ မျက်စိမှုန်ခြင်းမရှိဘဲ မြင်ကွင်းတဖြည်းဖြည်း ကျဉ်းလာသည်။ ကိုယ့်ကိုယ်ကိုယ် မြင်ကွင်းကျဉ်းမှန်းမသိနိုင်၊ မြင်ကွင်းစမ်းသည့် ကိရိယာဖြင့်သာသိနိုင်သည်။ ထို့ကြောင့် ခေတ်မီ မျက်စိစင်တာများတွင် မျက်မှန်စစ်ရုံသာမက မျက်စိရေချိန်တိုင်းခြင်း၊ မျက်စိရောဂါရှာဖွေခြင်း၊ အလျဉ်းသင့်လျှင်သင့်သလို မျက်စိမြင်ကွင်းစမ်းခြင်းများကိုပါ လုပ်ဆောင်လျက်ရှိပါသည်။ လေယာဉ်ပိုင်းလေ့များကိုတော့ တစ်နှစ်တစ်ခါ ရေချိန်တိုင်းခြင်း၊ မြင်ကွင်းစမ်းခြင်းများကို လုပ်ဆောင်ခဲ့သည်မှာ နှစ်အတော်ကြာလှပေပြီ။

**ရှုပ်ထွေးသောရေတိမ်အမျိုးအစားများ**

မျက်စိရေချိန်ပုံမှန်(၂၁ မီလီမီတာမာကျူရီအောက်) ဖြစ်သော်လည်း စိတ်မချရသေးကြောင်း အောက်ပါရေတိမ်အမျိုးအစားများကို လေ့လာခြင်းဖြင့်သိနိုင်ပါသည်။ (က) ရေချိန်တက်၊ ရေတိမ်မဟုတ်(Ocular Hypertension)၊ (ခ) ရေချိန်တက်၊ ရေတိမ်ဖြစ် (Glaucoma) (ဂ) ရေချိန်ပုံမှန်၊ ရေတိမ်ဖြစ် (Normo-Tension Glaucoma)၊ (ဃ) ရေချိန်ကျ၊ ရေတိမ်ဖြစ် (Low Tension Glaucoma) ရှင်းပါအံ့။ လူတစ်ယောက်နှင့်တစ်ယောက် ခန္ဓာကိုယ်တည်ဆောက်ပုံမတူသလို၊ ခံနိုင်ရည် အားလည်းမတူကြ။ မျက်စိအာရုံကြောတွင်လည်း ဘယ်လောက်ဖိဖိမပြားတဲ့ သားရေပြားလိုသဘောနှင့် အလွယ်တကူပြားနိုင်သော ဂျုံနယ်ပြားလိုသဘောမျိုးကို စဉ်းစားကြည့်ပါ။မျက်လုံးရေချိန်တက်သော်လည်း မျက်စိအာရုံကြောမပြား၊ မခွက်သည့် ရေချိန်တက်၊ ရေတိမ်မဖြစ် အခြေအနေတွင် မျက်စိအာရုံကြောသည် သားရေပြားအလားသဘောထားမျက်လုံးရေချိန် ပုံမှန်သို့မဟုတ် ပုံမှန်အောက် အခြေအနေတွင် ရေတိမ်ဖြစ်သော (ဂ) နှင့် (ဃ) အမျိုးအစားတွင် မျက်စိအာရုံကြောသည် ဂျုံနယ်ပြားအလား သဘောထားပါကမှားအံ့မထင်။

အထက်ပါအချက်များကို သဘောပေါက်ပါက (က) ရေတိမ်ရှိမှန်းမသိ ဘုမသိ၊ ဘမသိဘဲ မျက်စိမြင်ကွင်းကျဉ်း၍ တဖြည်းဖြည်း မျက်စိမြင်ကွင်းကျဉ်းလွန်းမက ကျဉ်းသွားသောအခါ မြင်ကွင်းပျောက်ကွယ်။ (ခ) ရေတိမ်ရှိမှန်းသိသော်လည်း အရေးအဲ့လောက်ကြီးမှန်းမသိလို့ မြင်ကွင်းကျဉ်းကွယ်။ (ဂ) ရေချိန်ရှိမှန်းလည်းသိ၊ အရေးကြီးမှန်းလည်းသိ၍ မျက်စိဆရာဝန်နှင့်မှန်မှန်ပြ၍ ညွှန်ကြားချက်များအတိုင်း မျက်စဉ်းမှန်မှန်ခပ်၊ ရေချိန်မှန်မှန်တိုင်း မြင်ကွင်းစမ်းသော်လည်း ရေချိန်ပုံမှန်ဖြစ်နေသဖြင့် ရေချိန်ပုံမှန်ဖြစ်နေတာကို လူနာရောဆရာဝန်ရော ကျေနပ်နေသဖြင့် တဖြည်းဖြည်း မသိမသာလုံးပါးပါးကာ မြင်ကွင်းကျဉ်းကွယ်။ (ဤနေရာတွင် အမှတ်စဉ် (ဂ)နှင့်(ဃ) ရေတိမ်အခြေအနေများ၌ လူနာအတွက် မြင်ကွင်းပိုမကျဉ်းရန် တားဆီးနိုင်မည့် ရေချိန် (Target I.O.P) ဥပမာ (၁၄) လောက်အထိ ကျအောင်စွမ်းဆောင်ကုသဖို့ရာ မျက်စိဆရာဝန်ဖက် (အထူးသဖြင့် ဂျူနီယာများ)က လူနာတစ်ယောက်ချင်းစီ၏ ထူးခြားသောအခြေအနေအရ စီမံကုသနိုင်ရန် အရေးကြီးသည်ဟု အကြံပြုပါသည်)။

သို့ပါ၍ မမှန်မကိုက်၊ အစုံလိုက် မျက်စိကွယ်စေသော ရေတိမ်ရောဂါအန္တရာယ်မှ ကာကွယ်ရန် (က)လူတိုင်းအနည်းဆုံး တစ်နှစ်တစ်ခါ မျက်စိရေချိန်တိုင်းခြင်း၊ မျက်စိအာရုံကြောခေါင်း (Optic Nerve Head) ကို သာမန်ထက် ခွက်မခွက်စစ်ဆေးခြင်း၊ လိုအပ်ပါက မျက်စိမြင်ကွင်း စမ်းသပ်စစ်ဆေးခြင်းတို့ဖြင့်လည်းကောင်း၊ (ခ) ရေတိမ်ကို ကုသမှုခံယူနေသူများကလည်း ရေတိမ်၏သဘော ရေချိန်၏ သဘာဝတို့ကို ကိုယ်တိုင်နားလည်သဘောပေါက်၍ မျက်စဉ်းခပ်တာ ဘာမှ မထူးဘူး ပိုလည်းကြည်မလာဘူးစသည်ဖြင့် မျက်စဉ်းခပ်နေရသည်မှာ နောက်ထပ်မြင်ကွင်းထပ်မကျဉ်းစေရန် ခပ်နေရသည်ကိုလည်း သဘောပေါက်ကြရန်လည်းကောင်း၊ (ဂ) ဂျူနီယာ မျက်စိဆရာဝန်များအနေဖြင့် ရေချိန်ပုံမှန်ရေတိမ်နှင့် ရေချိန်ပုံမှန်အောက်ရေတိမ်များတွင် လူနာတစ်ယောက်ချင်းစီအတွက် ဖြစ်သင့်သည့် ရေချိန်(Target I.O.P)ကိုသတ်မှတ်၍ ထိုရေချိန်တွင် ထိန်းထားနိုင်အောင် ကုသခြင်းဖြင့်လည်းကောင်း၊ ကာကွယ်ကုသနိုင်ကြလျက် မျက်မမြင်ဖြစ်ပွားနှုန်း ဒုတိယအများဆုံး ရေတိမ်ရောဂါကို ရင်ဆိုင်ဖြေရှင်းနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့်ရေးသားလိုက်ရပါသတည်း။ ။



(၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အမှတ်(၃) ရထား ရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)၌ ကျင်းပရာ နံနက် ၅ နာရီက သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းပြီး အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရဲထားရဲတပ်ဖွဲ့၊ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူးငွေးအောင်က ရဲချုပ်ထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားခြင်း၊ ရာထူးအဆင့်တိုး တပ်ဖွဲ့ဝင် သုံးဦးအား အဆင့်တိုးတံဆိပ်များ တပ်ဆင်ပေးခြင်း၊ နေအိမ်လိုင်းခန်းဆုရရှိသူများအား ဆုချီးမြှင့်ခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ဟေမန်ကျေးရွာဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုးလမ်းဖွင့်

**ဘိုကလေး အောက်တိုဘာ ၅**

ဘိုကလေးမြို့နယ် ဟေမန်ကျေးရွာတွင် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ကျေးရွာပြည်သူများ၏ အလှူငွေကျပ် ၁၁၉ သိန်းဖြင့် အရှည်ပေ ၂၂၀၀၊ အကျယ် ၁၈ ပေ၊ ဒု ၈ လက်မရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် ဦးမောင်လွင် (Oppo Company) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဦးမောင်လွင် (Oppo Company) က ဆိုလာမီးတိုင် ၄၀ အတွက် ကုန်ကျငွေကျပ် ၂၈ သိန်းအား လှူဒါန်းခဲ့သည်။

**ဘိုကလေး(ပြန်/ဆက်)**



## ချောင်းရေလျှံမှုကြောင့် ကားလမ်းရေကျော်ပြီး ခရီးသွားလာရေးခက်ခဲနေ

**စလင်း အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မြောက်ဘက် မြောက်ချောင်းကျေးရွာ ရှင်ပင်ဖောင်တော်ဦးစေတီတော်အနီး မင်းဘူး-စလင်း-တညောင် ကားလမ်းမကြီးပေါ် မြောက်ချောင်းဖြူ ရေကျော်တွင် အောက်တိုဘာ ၅ ရက် နံနက် ၂ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေကျော်လျှံတက်လျက်ရှိရာ ခရီးသွားလာမှု နှောင့်နှေးလျက်ရှိကြောင်းသိရသည်။

အဆိုပါချောင်းရေကျော်သည် နှစ်စဉ်မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းလျှင် ယခုလိုမော်တော်ယာဉ်များ အသွားအလာနှောင့်နှေးရကြောင်း၊ သဲချောင်းရေဖြစ်သည့်အတွက် အချိန် ခြောက်နာရီခန့်စောင့်ဆိုင်းလျှင် ချောင်းရေကျသွားကြောင်း၊ ယခုအခါ မော်တော်ကားများသာလျှင် ဖြတ်ကူးသွားလာနိုင်ကြောင်း၊ မော်တော်ဆိုင်ကယ်များ အသွားအလာခက်ခဲပြီး တစ်ဖက်ကမ်းသို့ သွားလိုပါက အထမ်းသမားများကို တစ်စီးလျှင် ငွေကျပ် ၅၀၀ ဖြင့် ငှားရမ်းနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

**စိုးမိုးသူ (ပြန်/ဆက်)**

## ကြော်ငြာ


**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

ကင်ဆာ
Ph : 09-5010196

**သီဟလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့် လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ကျောင်းသားအများဆောင်
**ရွှေလက်ဆောင်**
စေတနာပါသော လက်ဆောင်သည် တန်ဖိုးမဖြတ်နိုင်
သင်ထောက်ကူပြုရောင်စုံပုံပြ သင်ရိုးကုန်စာအုပ်များ




*တတ်သိနားလည်မှုကို စစ်ဆေးသည့်အမေးအဖြေများ၊ *ပြည့်စုံလုံလောက်သည့် အခန်းလိုက် လေ့ကျင့်ခန်းများ
*စာမေးပွဲတွင် မေးလေ့မေးထရှိသည့် အမေးများ၊ မေးနိုင်သည့် အမေးပုံစံများစွာနှင့် အမှတ်ပြည့်ရ ဖြေဆိုချက်များ
လေ့လာလေ့ကျင့်မှုများသူတို့သည် ထူးချွန်အောင်မြင်ကြ၏
**ထွက်နေပါပြီ**


မိတ်ဖုယားယံခြင်းနှင့် ချွေးနံ့ပျောက်ကင်းရန်
**ALL SWEET**
ကိုယ်လိမ်းပေါင်ဒါ

တစ်နေ့တာလုံး မွှေးပျံ့လန်းဆန်းစေရန်
**ALL SWEET**
သဘာဝရေမွှေး

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနထောက်ခံချက်အမှတ် 1309 PC0020

ရောင်းမည်/ငှားမည်
09-260008899 , 09-795550011, 09-799797951

ခရှသင်း၊ သမင်ဖြူ

ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
ရောင်းမည်/ငှားမည်
ဖုန်း - 095010196, 019691492

**EVER ENGLISH** Sept-Oct
မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း
Audioနှင့် Video ဖိုင်(၆၀)ကျော် ပါရှိသည်
၂၀၀၀ ကျပ် | 09775148014


**Mingalar Cinemas**
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ | မင်္ဂလာ | နေပြည်တော် | ရွှေဆောင် | မင်္ဂလာစံပြ
Top Royal | မင်္ဂလာဝဇီရာ | မင်္ဂလာ | ဝင်းလိုက် | မြို့မ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာ
မင်္ဂလာထွန်းသီရိ | မင်္ဂလာ | NEW 3D Cinema | မင်္ဂလာစံပြ(မကွေး)

၆.၁၀.၂၀၁၇ နေ့မှ ပြသမည့်ဇာတ်ကားသစ်များ

**အောင်မ ပိုင်မ**
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ Top Royal၊ မင်္ဂလာစံပြ၊ မင်္ဂလာ
မန္တလေး - ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon
မကွေး - မင်္ဂလာစံပြ
နေပြည်တော် - NEW 3D CINEMA


**ဗွတ်ကျား**
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ၊ မင်္ဂလာ(၂)၊ မင်္ဂလာဝဇီရာ
မန္တလေး - မင်္ဂလာဒိုင်းမွန်း၊ မန်းနေပြည်တော်
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon
မကွေး - မင်္ဂလာစံပြ
ဖျာပုံ - မင်္ဂလာ ရွှေဟသာ
နေပြည်တော် - NEW 3D CINEMA

**KINGSMAN THE GOLDEN CIRCLE**
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဝရန်းမွှင့်)
မန္တလေး - မင်္ဂလာဒိုင်းမွန်း


**RENEGADES**
ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်

**AMERICAN MADE**
ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ
မန္တလေး - မင်္ဂလာဒိုင်းမွန်း







ခရီးကြမ်းတစ်ခုသွားရာတွင် လမ်းပြကောင်းရှိပါက အခက်အခဲမရှိသော ပျော်ရွှင်ဖွယ်ခရီးဖြစ်မည်။
ပညာသင်တို့အတွက် ရွှေလက်ဆောင်ရှိပါက တတ်သိနားလည် ထူးချွန်သည့် ဂုဏ်ထူးရှင်များဖြစ်မည်။

အခြေခံပညာ မူလတန်း/အလယ်တန်း/အထက်တန်း ကျောင်းသား/ကျောင်းသူများအတွက်

ကျောင်းသားအများဆောင်

# ရွှေလက်ဆောင်

အတန်းစုံ / ဘာသာစုံ သင်ထောက်ကူမှတ်စုများနှင့် လေ့လာလေ့ကျင့်ရန် အမေးစုံ အဖြေစုံ

ပြည့်ပြည့်စုံစုံ သင်ရိုးကုန် စာအုပ်များ




အချက်အလက် ပြည့်စုံတိကျသော မှတ်စုများ

သိလွယ် တတ်လွယ်ရန် အထောက်အကူပြုရောင်စုံပုံများနှင့် ပြည့်စွတ်ဆက်စပ်ရောင်စုံပုံများ

လေ့ကျင့်ရန်မေးခွန်းပေါင်းများ

သိသင့် သိထိုက်သော အမေးများနှင့်အဖြေများ

စာမေးပွဲတွင် မေးနိုင်သည့် အမေးများနှင့်အဖြေများ

အခန်းလိုက် လေ့ကျင့်ခန်းပေါင်းများစွာတို့နှင့် အဝိုအလိုမရှိ အကောင်းဆုံးပညာရေးလမ်းညွှန်



စာအုပ်ဆိုင်တိုင်းမှာ
ရွှေလက်ဆောင် ရှိနေပါတယ်



"ဝန်ထမ်းအလိုရှိသည်"
ကလေးထိန်း မ(၂)ဦး နေ ၊ ၀ ည
လစာ-၁၃၀၀၀၀ိ/-(နေ-စားကြိုး)
Ph: 09 791717552
09 974396398



# မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့ လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစိုက်ပေးသည်။
09-450042704
09-250095116
09-420096296



# အောင်မင်္ဂလာ
အိမ်ခန်း၊ ရုံးခန်းများကို
ကားနှင့်အတူ ကျွမ်းကျင်
ဝန်ထမ်းများဖြင့် မြို့တွင်း
နယ်ဝေး ပြောင်းရွှေ့
ဝန်ဆောင်ပေးပါသည်။
Ph:09 428 77 33 00
09 428 77 33 55
09 428 77 33 88








Customer များရရှိမည့်အားသာချက်

# DREAM ALUMINUM

- Euro System 45° ထောင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏ အလှကို ခေတ်မီသေသပ်စေခြင်း။
- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီး ဆေးရောင်ကွာကျခြင်း။
- Brand Accessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူ တာရှည်အသုံးခံနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကျွမ်းကျင်မှု Training ကူညီပေးခြင်း
- မြန်မာပြည်၏ အကောင်းဆုံး Euro System Dream Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



- ရန်ကုန်၊မန္တလေး၊နေပြည်တော်၊တောင်ကြီး၊မော်လမြိုင်နှင့် အခြားမြို့ကြီးများအားလုံး ဆက်သွယ်နိုင်ပါသည်။
- သင့်ဘက်မှ ငွေအရင်းအနှီးရှိရုံဖြင့် Company ဘက်မှ ကုန်ပစ္စည်းရောင်းချခြင်း၊ပစ္စည်းထိန်းသိမ်းခြင်း၊ငွေထိန်းသိမ်းခြင်း၊Marketing လိုက်ခြင်း၊တပ်ဆင်မှုပုံစံ၊ ထုတ်လုပ်မှုပုံစံနှင့် စာရင်းအဆုံး Aluminium ဆိုင်သစ်တစ်ခုဖွင့်ချင်ပါသလား?
- Dream Aluminium နှင့် သာ လာရောက်ဆွေးနွေးကြည့်ပါ။ အရောင်းကိုယ်စားလှယ်ဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးလာရောက်ဆွေးနွေးနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်- Ph: 09-254038660,09-260905818

Showroom (1) No(223/225)၊ကျိုက္ကဆံလမ်းမကြီး၊ကျောက်မြောင်းဈေးမှတ်တိုင်၊တာမွေမြို့နယ်။ Ph:01-8604394,09-977910201, 09-263563664

Showroom (2) No(133)၊အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်။ Ph : 09 - 260905818 , 09-254048775 , 09- 951091111

SAMSUNG
Galaxy Note8

Do bigger things
ကြီးကျယ်ခမ်းနားမှုများကို ဖန်တီးလိုက်ပါ



Dual Camera
အမှတ်တရတိုင်းကို
အားလုံးနဲ့ မျှဝေလိုက်ပါ

S Pen
လိုအပ်သလို
ရေးမယ်၊ မှတ်မယ်၊ ပြင်မယ်

Infinity Display
အောင်မြင်မှုတွေကို ဖယ်ပြီး
အဆုံးအစမဲ့ မြင်ကွင်းတွေကို
ခံစားလိုက်ပါ

Premium Care
ဖုန်းမျက်နှာပြင်
ကျိုးခြင်းအတွက်
အခမဲ့ပြုပြင်ခြင်း တစ်ကြိမ်

KBZ BANK
telenor 30GB FREE
Special Package Included

www.samsung.com/mm

ASIA DRAGON (အာရှနဂါး)
ချောင်းသာ 12000
ငွေဆောင် 15000 မြဝတီခရီးစဉ် Oct 3,4,5,6
ကျိုက်ထီးရိုး 10000 ပုဂံခရီးစဉ် Oct 4,6
09-30030030, 09-799100100, 09-797100100

09-444450446, 09-444450558
09-250144709

မြရတနာ ASIA KING
